# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ စနေနေ့ အတွဲ (၆၅)၊ အမှတ်(၀၈၈)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ရန်ကုန်တိုင်းဒေသကြီးတွင် ထုတ်ပြန်ထားသော ညမထွက်ရ အမိန့်အား ဒီဇင်ဘာ ၂၇ ရက် နံနက်မှ စတင်ရုပ်သိမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၄၄ မြို့နယ် (ကိုကိုးကျွန်းမြို့နယ်မပါ) တွင် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်၍ နံနက် ၁ နာရီမှ နံနက် ၃ နာရီအချိန်အတွင်း ညမထွက်ရ အမိန့်ကို ထုတ်ပြန်ထားခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ တိုးတက်ဆောင်ရွက်နိုင်ရေး၊ အများပြည်သူ သွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ လက်ရှိထုတ်ပြန်ထားသော ညမထွက်ရ အမိန့်အား ဒီဇင်ဘာ ၂၇ ရက် နံနက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

သတင်းစဉ်

## ပြည်တွင်းရှိ မဲစာရင်းတွင်ပါဝင်သည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်




**ထန်းတပင်(ရန်ကုန်) ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ရာတွင်လည်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီကိုယ်စားပြုကိုယ်စားလှယ်များရှေ့တွင်ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ကြသည်။

အဆိုပါ ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

**ယနေ့ ဗတ်စရာ**



### ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာကြမည့် ရုရှား၊ တရုတ်၊ အိန္ဒိယစသည့် ပြည်ပနိုင်ငံများမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ရန်ကုန်မြို့သို့ရောက်ရှိ


ပြည်တွင်းသတင်း စာ ၃


### အရောက်လှမ်းခဲ့ပြီ မူပိုင်ခွင့်ပန်းတိုင်သစ်ဆီ


ဆောင်းပါး စာ ၆




### မြန်မာ့လယ်ယာ ထုတ်ကုန်များကို သဘာဝအခြေပြု တန်ဖိုးမြှင့်ခြင်း


ဆောင်းပါး စာ ၁၀

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး

## ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Alexei Bashan အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ Mr. Alexei Bashan ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌက ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပါသည့် ရွေးကောက်ပွဲကြီးကို ထောက်ခံအားပေးကြောင်း၊ ယခုလို လာရောက်လေ့လာခွင့်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်းနှင့် အထူးကျေးဇူးတင်ရှိကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မိမိတို့ရွေးကောက်ပွဲကို အားပေးထောက်ခံမှုအပြည့်ဖြင့် လာရောက်လေ့လာသည့်အတွက် လှိုက်လှဲစွာကြိုဆိုကြောင်း၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့် သံတမန်ဆက်ဆံရေးသည် ၁၉၉၉ ခုနှစ်မှ ယနေ့အထိ ၂၆ နှစ်တိုင် ရှိပြီဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရွေးကောက်ပွဲကျင်းပရာတွင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲဆန္ဒရှင်ပြည်သူများ လုံခြုံစိတ်ချစွာနှင့် လွယ်ကူမှန်ကန်စွာမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုများ၊ အများယုံကြည်သည့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်အောင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ထားရှိမှုများ၊ နှစ်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဘယ်လာရုစ်နိုင်ငံတွင်လည်း ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမှု အခြေအနေကို ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာရမည့် အစီအစဉ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာကြမည့် ရုရှား၊ တရုတ်၊ အိန္ဒိယ စသည့် ပြည်ပနိုင်ငံများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ရန်ကုန်မြို့သို့ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ရုရှား၊ တရုတ်၊ အိန္ဒိယစသည့် ပြည်ပနိုင်ငံများမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ယနေ့ နံနက်ပိုင်းမှစ၍ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ (ယာပုံ)

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲသို့ နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Deputy Chairman (State Duma) ဖြစ်သူ Mr.Kara-ool Sholban ဦးဆောင်သောအဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Special Envoy for Asian Affairs,MFA Mr.Deng Xijun ဦးဆောင်သောအဖွဲ့၊ အိန္ဒိယနိုင်ငံမှ Former Army Commander Mr.Sahni Arun Kumar ဦးဆောင်သောအဖွဲ့၊ ကာဇက်စတန်နိုင်ငံမှ Deputy Chairman of the Commission Mr.Yerman Mukhtar ဦးဆောင်သောအဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံမှ NEC Member ဖြစ်သူ H.E. Mr. YICH Samethy ဦးဆောင်သောအဖွဲ့နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr.Nguyen Duc Thinh ဦးဆောင်သောအဖွဲ့တို့သည် ယနေ့တွင်သတ်မှတ်ချိန်များအလိုက် ရန်ကုန်မြို့သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr.Iskander Azizov နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များ၌ မဲရုံများပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဒီဇင်ဘာ ၂၆** ကယားပြည်နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ပေါ်ရပ်ကွက်များတွင် မဲရုံများ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မင်းစုရပ်ကွက်ရှိ မဲရုံအမှတ် (၁)၊ အမှတ်(၂)နှင့် အမှတ်(၃) မဲရုံများသို့ ရောက်ရှိပြီး မဲရုံများပြင်ဆင်ထားရှိမှုအခြေအနေ၊ မဲရုံတာဝန်ကျဝန်ထမ်းများ တာဝန်ထမ်းဆောင်နိုင်ရေး စုဖွဲ့ထားရှိမှုနှင့် လုံခြုံရေးအဖွဲ့များ တာဝန်ထမ်းဆောင်နေမှုများကို လည်းကောင်း၊ ဆက်လက်၍ ထေးသမရပ်ကွက် မဲရုံအမှတ် (၁) နှင့် အမှတ်(၂)သို့ သွားရောက်၍ မဲရုံများ ပြင်ဆင်ထားရှိမှု၊ မဲရုံတာဝန်ကျဝန်ထမ်းများ စုဖွဲ့ထားရှိမှုနှင့် လုံခြုံရေးအဖွဲ့များ တာဝန်ထမ်းဆောင်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချိကယ်ကျေးရွာအုပ်စု မဲရုံအမှတ် (၁)၊ မင်းစုရပ်ကွက် မဲရုံအမှတ် (၄)၊ နောင်ယား (ခ) ရပ်ကွက် မဲရုံအမှတ် (၁) နှင့် နောင်ယား (က) ရပ်ကွက် မဲရုံအမှတ် (၁) နှင့် (၂) သို့ သွားရောက်ပြီး မဲရုံတာဝန်ကျဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရွေးကောက်ပွဲတွင် မဲရုံများ၌ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲကျင်းပရန် ရက်ပိုင်းသာလိုတော့သဖြင့် မိမိကျန်းမာရေးနှင့် လုံခြုံရေးကို ဂရုပြုနေထိုင်ကြရန်၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရန်နှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထေးသမရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် နောင်ယား(က) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ မဲစာရင်းကပ်ထား ကြေညာမှုကို ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လာရောက် စစ်ဆေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်ဇော် ပူတာအိုခရိုင်အတွင်းရှိ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံပြီး မဲရုံအတွင်း ခင်းကျင်းပြင်ဆင်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ပူတာအို ဒီဇင်ဘာ ၂၆** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ကချင်ပြည်နယ် တာဝန်ခံ ဦးခင်ဇော်သည် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပူတာအိုခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် လာရောက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တရားမျှတစွာယှဉ်ပြိုင်ရန်လိုအပ်ကြောင်း၊ မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲအား ပွင့်လင်းမြင်သာစွာ ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက မြေပြင်ကွင်းဆင်းသည့် ကာလအတွင်း တွေ့ကြုံရသည့်အခြေအနေများနှင့် ရွေးကောက်ပွဲအောင်မြင်နိုင်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ တတိအကြိမ်အတည်ပြုပြီး မဲစာရင်းများအား သက်ဆိုင်ရာမဲရုံသို့ ပြောင်းရွှေ့ကြေညာကပ်ထားမှုနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၁)တွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် မဲရုံအတွင်း ခင်းကျင်းပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးပြီး မဲရုံတာဝန်ကျမဲရုံမှူးနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အပိုင်းလိုက် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငွေဆောင်ကမ်းခြေ၌ ခရစ္စမတ်နေ့တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**ငွေဆောင် ဒီဇင်ဘာ ၂၆** ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေသို့ ယမန်နေ့ (ခရစ္စမတ်နေ့) တွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၃၅၀၅ ဦး လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ စတင်ကာ ပြည်တွင်းခရီးသွားဧည့်သည် ၂၂၅၃၂ ဦး၊ ပြည်ပ ခရီးသွားဧည့်သည် ၅၀၀ စုစုပေါင်း ၂၃၀၃၂ ဦး လာရောက်လည်ပတ်ခဲ့သည်။

ငွေဆောင်ကမ်းခြေသည် ကမ်းခြေသန့်ရှင်းသာယာလှပပြီး လည်ပတ်စရာနေရာများအဖြစ် ငွေဆောင်ဆင်စခန်းနှင့် Night Market တို့အပြင် မြွေကျွန်း၊ ချစ်သူများကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ကျွန်းလျားရှည် အစရှိသည့် ကျွန်းများကိုလည်း သွားရောက်လည်ပတ်နိုင်ပြီး ချောင်းသာကမ်းခြေနှင့် ဂေါ်ရန်ဂျီကမ်းခြေသို့လည်း နေ့ချင်းပြန် သွားရောက်လည်ပတ်နိုင်ကြောင်း သိရသည်။

ငွေဆောင်မြို့တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ရယူ၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော ဟိုတယ်၊ တည်းခိုရိပ်သာ ၃၂ လုံးရှိပြီး ကမ်းခြေခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ် ဆက်လက်တိုးတက်နေစေရန်အတွက် ပင်လယ်ကမ်းရိုးတန်းသယံဇာတ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ပင်လယ်ပြင်ညစ်ညမ်းမှုမဖြစ်စေရေး၊ အမှိုက်ကင်းစင်သည့် ကမ်းခြေဖြစ်စေရေး၊ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်ရေးတို့ကို ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**





# ရွှေဘိုမြို့၌ မြို့နယ်ပြင်ပ ပြည်တွင်းမှ ပြန်လည်ပေးပို့လာသည့် ကြိုတင်မဲများအား ဖွင့်ဖောက်ရေတွက်

**ရွှေဘို ဒီဇင်ဘာ ၂၆** စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မြို့နယ်ပြင်ပ ပြည်တွင်းမှ ပေးပို့လာသော ကြိုတင်မဲများ ဖွင့်ဖောက်မှုကို ယနေ့ ညနေပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ရာ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဝန်ထမ်းများက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပါတီကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများရှေ့တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ရေတွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါ နိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန် လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တွံတေးမြို့နယ်၌ မဲရုံများ ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွံတေးမြို့နယ်၌ မဲရုံများ ပြင်ဆင်ထားရှိမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တွံတေးမြို့ အုန်းပင်စုရပ်ကွက် အ.ထ.က(၂) မြို့မရှိ မဲရုံ(၁) ၌ မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲမဲပေးခြင်းဆိုင်ရာ အသိပညာပေး ဆောင်ရွက်နေမှု၊ မဲရုံခင်းကျင်းပြင်ဆင်ထားရှိမှုကို လည်းကောင်း၊ တွံတေးမြို့ ရွှေဆံတော်ရပ်ကွက် တိလောကဓမ္မာရုံရှိ မဲရုံ (၂) ၌ မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲ မဲပေးခြင်းဆိုင်ရာ အသိပညာပေး ဆောင်ရွက်နေမှုနှင့် မဲရုံခင်းကျင်းပြင်ဆင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန်ရှိ Shwe Zaw Company Limited ၏ တိရစ္ဆာန်အစာစပ် စက်ရုံဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး



ဦးဗိုလ်ငွေး၊ စီးပွားရေးရာ ဝန်ကြီး ဦးမျိုးမြင့်အောင်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် တွံတေးမွေးမြူရေးဇုန်ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေတို့က စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန် တိရစ္ဆာန် အစာစပ် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန် တိရစ္ဆာန်အစာစပ် စက်ရုံအတွင်း တိရစ္ဆာန်အစာများ ထုတ်လုပ်နေမှုနှင့် ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုကြပြီး တွံတေးမွေးမြူရေးဇုန် ကော်မတီရုံးခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားကာ တွံတေးမွေးမြူရေးဇုန်ကော်မတီဝင် Shwe Zaw Company Limited မှ တာဝန်ရှိသူတစ်ဦးက တွံတေး မွေးမြူရေးဇုန် တိရစ္ဆာန်အစာစပ် စက်ရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်အတွင်းရှိ အင်းစိန်မြို့နယ် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ တွံတေးခရိုင်အတွင်းရှိ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များသို့ ယူနီဖောင်း၊ ဆန်၊ ဆီနှင့် စားသောက်ကုန်များ ပေးအပ်ပွဲကို သတ်မှတ်နေရာများ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များအား ယူနီဖောင်း၊ ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(မြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

**စစ်တွေ ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီး၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောက်ဖြူနှင့် မာန်အောင်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက Video Conference စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီ




အထွေထွေ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ အပိုင်းလိုက် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးနှင့် မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း။

ရခိုင်ပြည်နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၁၉၅၈၈၈ ဦးက မဲရုံပေါင်း ၁၆၄ ရုံတွင် မဲပေးသွားကြမည်ဖြစ်ကြောင်း၊ မဲပေးလိုသူများ လုံခြုံအေးချမ်းစွာ မဲပေးနိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ တိုင်းမှူးက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာသွားလမ်း (၀/၇ ဒသမ ၃၃) မိုင်အား ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စစ်တွေ - ပလ္လင်ပြင် လမ်းကို အပိုင်းလိုက် ကွန်ကရစ်ခင်းခြင်းနှင့် မြေသားတာပေါင် ဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးနိုင်ရေး စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC) က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ လှူဒါန်းသည့် ရေပေးဝေရေးဆိုင်ရာ ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း (မြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

# အရောက်လှမ်းခဲ့ပြီ မူပိုင်ခွင့်ပန်းတိုင်သစ်ဆီ

မူပိုင်ခွင့်ဆိုသည်မှာ မိမိ၏ကိုယ်ပိုင်အသိဉာဏ်ကိုအသုံးပြု၍ ပြုလုပ်ထားသော တီထွင်မှုနှင့် ဖန်တီးမှုများရလဒ်များကို အသုံးပြုရန်နှင့် အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးများကို ဆိုလိုသည်။ နည်းပညာဆန်းသစ်တီထွင်မှုများ၊ ဆန်းသစ်သောထုတ်ကုန်ဒီဇိုင်းနှင့် ထုပ်ပိုးမှုဒီဇိုင်းများ၊ ထုတ်ကုန်များတွင် အသုံးပြုသည့် အမှတ်တံဆိပ်များ၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုသည့်အမှတ်တံဆိပ်များနှင့် စာပေနှင့် အနုပညာဖန်တီးမှုများ ပါဝင်သည်။

ဒေါက်တာမိုးမိုးသွယ်(မူပိုင်ခွင့်)

မြန်မာနိုင်ငံတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လူသိများထင်ရှားခဲ့သောဥပဒေမှာ Copyright ACT (၁၉၁၄) ဖြစ်သည်။ အခြားသော နည်းပညာမူပိုင်ခွင့်များနှင့် အမှတ်တံဆိပ်မူပိုင်ခွင့်များအတွက် သီးခြားဥပဒေများပြဋ္ဌာန်းခြင်းမရှိခဲ့ချေ။ သို့ဖြစ်၍ နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုအလေ့အကျင့်များ နည်းပါးခဲ့သည်။ ၂၀၀၁ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီး (WIPO) ၏ ၁၇၆ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီးနောက် နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုပြီး ခေတ်မီကောင်းမွန်သည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ-၃၇ တွင် **"နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့်မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီခွင့်ပြုရမည်"** ဟုလည်းကောင်း၊ ပုဒ်မ-၃၇၂ တွင် **"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်ကအာမခံသည်"** ဟုလည်း ပြဋ္ဌာန်းခဲ့သည်။

### အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့

၂၀၀၄ ခုနှစ်တွင် နိုင်ငံတကာအဆင့်မီ မူပိုင်ခွင့်စနစ်သစ်တစ်ရပ် တည်ထောင်နိုင်ရန်အတွက် မူပိုင်ခွင့်ဥပဒေမူကြမ်းလေးရပ်ကို ပြည်တွင်းနှင့်ပြည်ပမှ ဥပဒေပညာရှင်များပူးပေါင်း၍ ညှိနှိုင်းရေးဆွဲခဲ့သည်။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (Trademark Law)၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ (Industrial Design Law)၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ (Patent Law)နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ (Copyright Law) တို့ကို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အသီးသီးတွင် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် နှစ်ဦးပိုင်းတွင် အောင်မြင်စွာ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ပေးအပ်ခဲ့သည်။ သို့ဖြစ်၍ မူပိုင်ခွင့်ဥပဒေများအရ နိုင်ငံတော်၏ ဒုတိယသမ္မတ ဦးဆောင်သည့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ၂၀၂၀ ပြည့်နှစ်၊ မေလတွင် အဖွဲ့ဝင် ၃၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃ရက်နေ့တွင် ပထမအကြိမ် အစည်းအဝေးကို ကျင်းပနိုင်ခဲ့သည်။ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ အစည်းအဝေးများ ၈ ကြိမ် ကျင်းပခဲ့ကာ မူပိုင်ခွင့်စနစ်တည်ဆောက်ရေး မူဝါဒများနှင့်လမ်းညွှန်ချက်များကို ချမှတ်နိုင်ခဲ့သည်။ ဗဟိုကော်မတီသည် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် **"အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာ (၂၀၂၃-၂၀၂၈)"** ကိုလည်းချမှတ်ပေးခဲ့ပြီး ရည်မှန်းချက်၊ မဟာဗျူဟာ ၆ ရပ်နှင့် လုပ်ငန်း စဉ် ၅၃ ခုကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

> ❍ **မူပိုင်ခွင့်လျှောက်ထားမှုအတွက် လိုအပ်သည့် လျှောက်လွှာပုံစံများ၊ အခကြေးငွေများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပတို့မှ မူပိုင်ခွင့်လျှောက်ထားမှုများကို အီလက်ထရောနစ်ဖြင့် လျှောက်ထားခြင်း (Online Filing) သို့မဟုတ် လျှောက်လွှာလက်ခံဌာနများသို့ ကိုယ်တိုင်လာရောက်လျှောက်ထားခြင်း စသည့် နည်းလမ်းနှစ်မျိုးဖြင့် လက်ခံဆောင်ရွက်ခဲ့**
>
> ❍ **၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ အမှတ်တံဆိပ် လျှောက်ထားချက် ၆၆၇၄၆ စောင်၊ စက်မှုဒီဇိုင်း လျှောက်ထားချက် ၃၃၉ စောင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့် လျှောက်ထားချက် ၃၆ စောင်နှင့်၊ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် ၄၃ စောင် လက်ခံရရှိခဲ့**

### အထူးဥပဒေများ အာဏာသက်ဝင်

မူပိုင်ခွင့်စနစ်တည်ဆောက်ရာတွင် အဓိကကဏ္ဍမှ တာဝန်ယူဆောင်ရွက်မည့် မူပိုင်ခွင့် ဦးစီးဌာနကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်၌ ဖွဲ့စည်းခဲ့သည်။ မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မူပိုင်ခွင့်ဥပဒေများ၏ နည်းဥပဒေများအပြင် အေဂျင်စီနည်းဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်းနှင့် ဒေသထွက်ကုန်များအား မူပိုင်ခွင့်အကာအကွယ်ပေးသည့် ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခဲ့သည်။

နည်းဥပဒေများ ပြဋ္ဌာန်းပြီးနောက် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေနှင့် ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်နေ့တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့ကို အထူးဥပဒေ (Special Law)များအနေဖြင့် အသီးသီး အာဏာသက်ဝင်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဧပြီလတွင် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ အယူခံခြင်းကိစ္စရပ်များနှင့် မူပိုင်ခွင့်ဥပဒေများပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည့် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အဖွဲ့ဝင် ၁၈ ဦး ဖြင့် ဖွဲ့စည်းနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ်တွင် အေဂျင်စီ အစည်းအဝေးများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ငါးကြိမ်တိုင်ကျင်းပနိုင်ခဲ့ပြီး ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်မည့် ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့သည်။ မူပိုင်ခွင့်ဦးစီးဌာနမှ အေဂျင်စီဌာနခွဲသည် အေဂျင်စီနည်းဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အေဂျင်စီအစည်းအဝေးများ ကျင်းပနိုင်ရေး တာဝန်ယူဆောင်ရွက်ခဲ့သည်။

မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် မူပိုင်ခွင့်လျှောက်ထားမှုအတွက် လိုအပ်သည့်လျှောက်လွှာပုံစံများ၊ အခကြေးငွေများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပတို့မှ မူပိုင်ခွင့်လျှောက်ထားမှုများကို အီလက်ထရောနစ်ဖြင့် လျှောက်ထားခြင်း (Online Filing) သို့မဟုတ် လျှောက်လွှာလက်ခံဌာနများသို့ကိုယ်တိုင်လာရောက်လျှောက်ထားခြင်း စသည့် နည်းလမ်းနှစ်မျိုးဖြင့် လက်ခံဆောင်ရွက်ခဲ့သည်။ မူပိုင်ခွင့်လျှောက်ထားခြင်းများကို ကိုယ်စားလှယ်များကတစ်ဆင့် လျှောက်ထားနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများ ဖွင့်လှစ်ပြီး မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်များအဖြစ် အသိအမှတ်ပြု လက်မှတ်များပေးအပ်၍ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့သည်။ ယခုအခါ ကိုယ်စားလှယ် စုစုပေါင်း ၁၂၇၃ ဦးကျော် မွေးထုတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ အမှတ်တံဆိပ် လျှောက်ထားချက် ၆၆၇၄၆ စောင်၊ စက်မှုဒီဇိုင်းလျှောက်ထားချက် ၃၃၉ စောင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့် လျှောက်ထားချက် ၃၆ စောင်နှင့် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက် ၄၃ စောင် လက်ခံရရှိခဲ့သည်။

### အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေး

မူပိုင်ခွင့်လျှောက်ထားမှုများကို မူပိုင်ခွင့်ဦးစီးဌာနမှ သက်ဆိုင်ရာ စစ်ဆေးရေးအရာရှိများက မူပိုင်ခွင့်ဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးပြီး လျှောက်ထားချက်များအား ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ခြင်း၊ ထုတ်ပြန်ကြေညာခြင်းစသည့် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအထိ အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်း ၁၂၄၄၆ စောင်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်မှတ်ပုံတင်ခြင်း ၁၆၄ စောင်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် မှတ်ပုံတင်ခြင်း ၁၈ စောင် တို့အတွက် မူပိုင်ခွင့်မှတ်ပုံတင်ခွင့်ပြုကြောင်း အသိအမှတ်ပြုလက်မှတ် (Certificate) များကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

မူပိုင်ခွင့်မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များအပြင် အသေးစား၊ အငယ်စား၊ အလတ်စားစက်မှုလုပ်ငန်းများ (MSMEs)၊ သုတေသနဌာနများ၊ တက္ကသိုလ်ကောလိပ်သိပ္ပံများမှ ဝန်ထမ်းများနှင့် ပြည်သူလူထုများစသည့် လူ့အဖွဲ့အစည်းများတွင် မူပိုင်ခွင့်ဆိုင်ရာ အသိပညာဗဟုသုတများ ပြန့်ပွားစေရန်နှင့် တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက် မူပိုင်ခွင့်အမျိုးအစားအလိုက် လိုအပ်သော အသိပညာပေးခြင်းအစီအစဉ်များကို နှစ်စဉ်အသိပညာပေး အစီအစဉ်များလျာထားလျက် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

### မူပိုင်ခွင့်ဆိုင်ရာဗဟုသုတများ မြှင့်တင်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များချမှတ်ပြီး မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်းများဖွင့်လှစ်ပေးခြင်း၊ မူပိုင်ခွင့်လျှောက်ထားချက်များအား စစ်ဆေးမည့် ဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ပြည်တွင်းသင်တန်း ၁၈၈ ခုတွင် ဝန်ထမ်းများအား တက်ရောက်စေခဲ့သည်။ ပြည်ပတွင် ကျင်းပပြုလုပ်ခဲ့သော မူပိုင်ခွင့်ဆိုင်ရာ သင်တန်းများ ၄၄ ခုနှင့် အလုပ်ရုံဆွေးနွေးပွဲများ ၁၆၁ ခု၊ အာဆီယံနှင့် ဆက်စပ်အစည်းအဝေးများ ၆၅ ခုတို့တွင်လည်း ဝန်ထမ်းများ လူကိုယ်တိုင်တက်ရောက်ခြင်းနှင့် Online မှတစ်ဆင့် တက်ရောက်ခြင်းတို့ဖြင့် ဝန်ထမ်းများ၏ မူပိုင်ခွင့်ဆိုင်ရာ အသိအမြင်ဗဟုသုတများ မြှင့်တင်နိုင်စေရန် ဆောင်ရွက်ခဲ့သည်။

မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏

*စာမျက်နှာ ၇ သို့*

> ✳ **မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို မူပိုင်ခွင့်ပိုင်ရှင်များထံသို့ အပ်နှင်းခြင်းသာမက မူပိုင်ခွင့်ချိုးဖောက်မှုများကိုလည်း ထိရောက်စွာတားဆီးကာကွယ်ပေးခြင်းဖြင့် ညီညွတ်မျှတသော လူမှုစီးပွားဘဝကို တည်ဆောက်နိုင်...**
>
> ✳ **မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း မူပိုင်ခွင့်ချိုးဖောက်မှုများကို ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်...**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၁
ရက်
သာ လိုတော့သည်။

## မော်လမြိုင်မြို့ လေးကျွန်းသစ္စာရှင် နဂါးမောက်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲနှင့် သံဃဒါနဆွမ်းခြောက်လောင်းလှူပွဲကျင်းပ




**မော်လမြိုင် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ရိုးတန်းတွင် တည်ထားကိုးကွယ်တော်မူသော ဣန္ဒာသယ သိဒ္ဓိရှင် လေးကျွန်းသစ္စာရှင် နဂါးမောက်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲ၊ သံဃဒါနဆွမ်းခြောက်လောင်းလှူပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နဂါးမောက်စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် ဓမ္မာရုံတို့၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ) ဦးကိုကိုလွင်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ)၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ပင့်သံဃာ ဆရာတော်ကြီးများနှင့် သံဃာ ၁၁၁ ပါးတို့အား သံဃဒါနဆွမ်းခြောက်များ လောင်းလှူကြသည်။

ယင်းနောက် အလှူတော်ရေစက်ချ မင်္ဂလာ အခမ်းအနားကို စေတီတော်မြတ်ကြီး၏ဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ မော်လမြိုင်မြို့၊ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) စတုတ္ထနှစ်ဘီဒီအက်စ် (၁/၂၀၂၅) ကျောင်းသား ကျောင်းသူများ ကွင်းဆင်းကုသမှုများ၊ ပညာပေးဟောပြောမှုများနှင့် စစ်တမ်းကောက်ယူခြင်းများဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၂၆**

ကျန်းမာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ပြည်သူများ၏ လူမှုကျန်းမာရေးကို စောင့်ရှောက်မြှင့်တင်ရန် ရည်ရွယ်၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မှ ကာကွယ်ရေးနှင့် လူထုသွားကျန်းမာရေး ပညာဌာန၏ သင်ရိုးညွှန်းတမ်းနှင့်အညီ စတုတ္ထနှစ် ဘီဒီအက်စ် (၁/၂၀၂၅) သင်တန်းအောင်မြင်ပြီး ကျောင်းသား ကျောင်းသူ ဖ၈ ဦးနှင့် အုပ်ချုပ်သူ ဆရာ ဆရာမများ ၁၈ ဦး စုစုပေါင်း ၈၆ ဦးတို့သည် ဒီဇင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်ရှိ ကျေးရွာများနှင့် ရပ်ကွက်များတွင် သွားနှင့်ခံတွင်းကုသမှုများ၊ ပညာပေးဟောပြောမှုများနှင့် စစ်တမ်းကောက်ယူခြင်းကို ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်မှုများကို သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်၊ ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ လာရောက်အားပေးကြည့်ရှုကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ကွင်းဆင်းမှုများကို ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်ရှိ တောင်ဂလုံ၊ တလုတ္တော်မြို့၊ ဒူးယားမြို့၊ ငါးဖယ်တူမြောက်ရွာ၊ နတ်မော်၊ ကိုင်းချောင်းနှင့် ယုန်တလင်းကျေးရွာများတို့တွင် ဆောင်ရွက်ခဲ့ကြရာ သွားနှင့်ခံတွင်းလူနာ ၈၇၆ ဦးအား ကုသမှုပေးခဲ့ပြီး စစ်တမ်းကောက်ယူမှုတွင် ၁၃၆၅ဦး နှင့် အသိပညာပေးဟောပြောမှုတွင် ၁၁၀၈ ဦးတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

မူပိုင်ခွင့်အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များတွင် တက်ကြွစွာလိုက်ပါဆောင်ရွက်ခြင်း၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများ၏ ကုန်သွယ်မှုသဘောတူစာချုပ်များတွင် ပါဝင်ဆွေးနွေးခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)၏ မူပိုင်ခွင့်ကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ကြီးနှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးတို့နှင့် စဉ်ဆက်မပြတ်ဆက်သွယ်ဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မူပိုင်ခွင့်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

### မူပိုင်ခွင့်စနစ်ပေါ်ထွန်းလာစေရန် ဆက်လက်ကြိုးပမ်း

မြန်မာနိုင်ငံတွင် ဆန်းသစ်တီထွင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ယဉ်ကျေးမှုတို့ကို အားပေးလှုံ့ဆော်သော မူပိုင်ခွင့်ဂေဟစနစ်ကို အားကောင်းစေရန် ဦးတည်ချက်ဖြင့် **"နိုင်ငံတကာမူပိုင်ခွင့်ညီလာခံ (International Conference on Intellectual Property–2025)"** ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ နေပြည်တော် Jasmine Naypyitaw Hotel ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ နိုင်ငံတကာမူပိုင်ခွင့်ညီလာခံမှ ရရှိလာသည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်များနှင့် လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်ပေါ်ထွန်းလာစေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို မူပိုင်ခွင့်ပိုင်ရှင်များထံသို့ အပ်နှင်းခြင်းသာမက မူပိုင်ခွင့်ချိုးဖောက်မှုများကိုလည်း ထိရောက်စွာ တားဆီးကာကွယ်ပေးခြင်းဖြင့် ညီညွတ်မျှတသော လူမှုစီးပွားဘဝကို တည်ဆောက်နိုင်မည်ဖြစ်သည်။ မူပိုင်ခွင့်ဥပဒေများအရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အကောက်ခွန်ဦးစီးဌာနနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ကြော်ငြာစာများကိုလည်း ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း မူပိုင်ခွင့်ချိုးဖောက်မှုများကို ပိုမိုထိရောက် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည်။

နိုင်ငံတော်တွင် မူပိုင်ခွင့်ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်ခြင်းနှင့် မူပိုင်ခွင့်ချိုးဖောက်မှုများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်းအားဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ပေါ်ပေါက်လာစေနိုင်ခြင်း၊ အဆင့်မြင့်နည်းပညာများကို လွှဲပြောင်းရယူနိုင်စေခြင်းဖြင့် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်လာနိုင်ခြင်း၊ တီထွင်ဖန်တီးသူနှင့် သုံးစွဲသူများအကြား အကျိုးအမြတ်များကို မျှတစွာခွဲဝေခံစားစေခြင်းအားဖြင့် စာပေအနုပညာနှင့် စက်မှုလက်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုများ ပေါ်ထွန်းလာနိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

### နိုင်ငံ့စီးပွားအတွက် အထောက်အပံ့ကောင်းဖြစ်စေ

ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်နှင့် အေအိုင် စသည့် နည်းပညာရပ်များ တစ်ဟုန်ထိုးဖြစ်ပေါ်လာပြီး ကမ္ဘာတစ်ဝန်း ယှဉ်ပြိုင်မှုမြင့်မားလာသဖြင့် မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်တစ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်စေနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်၏ တီထွင်ဆန်းသစ်မှုကို အခြေပြုသည့် စီးပွားရေးနှင့် ပညာရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် မူပိုင်ခွင့်ကဏ္ဍကိုလည်း မရှိမဖြစ် တည်ဆောက်ရမည်ဖြစ်သဖြင့် မူပိုင်ခွင့်ခရီးလမ်း၏ ရည်မှန်းချက်ပန်းတိုင်သစ်ဆီသို့ အရောက်လှမ်းနိုင်ကြရန် ပြည်သူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် အမျိုးသားဂုဏ်ကို မြှင့်တင်ရန်လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် Fitness Dance ပြိုင်ပွဲများ ကျင်းပ



**မုံရွာ ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ မီနီမာရသွန်အပြေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်အပြေးပြိုင်ပွဲကို တာထွက်အချက်ပြ အလံဝှေ့ရမ်းကာ ဖွင့်လှစ်ပေးပြီး အမျိုးသမီး မီနီမာရသွန်အပြေးပြိုင်ပွဲဝင် ၅၈ ဦးတို့သည် အရှေ့ဘက် ကန်သာယာကန်တစ်ပတ်နှင့် အမျိုးသား မီနီမာရသွန်အပြေးပြိုင်ပွဲဝင် ၈၆ ဦးတို့သည် အရှေ့၊ အနောက်ဘက်ကန်သာယာကန်အထိ ယှဉ်ပြိုင်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလလူထုလှုပ်ရှားမှုအထိမ်းအမှတ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ Fitness Dance ပြိုင်ပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက Fitness Dance ဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မုံရွာမြို့ အလုံရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(အလုံ) ကျောင်းဝင်းအတွင်းရှိ မဲရုံအမှတ်(၂) ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ခံတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ စစ်ပင်ရပ်ကွက် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံအမှတ်(၃) ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ်အတွင်း မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး



**ညောင်ဦး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အခြေခံပညာကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာဓမ္မာရုံများတွင် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများ ယနေ့မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် ညောင်ဦးမြို့ အမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၆) ရပ်ကွက်တို့ရှိ မဲရုံများ၊ မြေနဲလေးကျေးရွာအုပ်စု မြေနဲလေးကျေးရွာရှိ မဲရုံ၊ မြင်းကပါကျေးရွာအုပ်စု မြင်းကပါကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) မဲရုံအမှတ်(၃)၊ ကုန်းတန်းကြီး ကျေးရွာအုပ်စု သန့်စင်ကြယ်ကျေးရွာ၊ မဲရုံအမှတ်(၃) သို့ ကွင်းဆင်းစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## နိုင်ငံအချို့၌ ကူးစက်မှုမြင့်တက်နေသော တုပ်ကွေးရောဂါပိုး Influenza A H3N2 သည် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌လည်း ကူးစက်ဖြစ်ပွားနေသော ရောဂါပိုးအမျိုးအစားဖြစ်ပြီး Subclade K ကို မတွေ့ရှိရသေး



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော တုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော် တံ့ဂပူရိဟိုတယ်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ဖြစ်ပွားမှုကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း၊ လတ်တလော ကမ္ဘာ့မီဒီယာများတွင် ဖော်ပြနေသည့် နိုင်ငံအချို့၌ ကူးစက်မှုမြင့်တက်နေသော တုပ်ကွေးရောဂါပိုး Influenza A H3N2 သည် ၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌လည်း ကူးစက်ဖြစ်ပွားနေသော ရောဂါပိုးအမျိုးအစားဖြစ်ပြီး Subclade K ကိုမတွေ့ရှိရသေးကြောင်း၊ သို့ရာတွင် လူထုအတွင်း ရောဂါပိုးကို ကာကွယ်နိုင်မည့် ကိုယ်ခံစွမ်းအား အသင့်အတင့်ရှိနေမည်ဖြစ်ခြင်း၊ လက်ရှိ အသုံးပြုနေသည့် တုပ်ကွေးရောဂါ ကာကွယ်ဆေးများနှင့် ကုသသည့်ဆေးဝါးများဖြင့်လည်း ကာကွယ်ကုသနိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ရန် မလိုအပ်ပါကြောင်း၊ ပြင်းထန်တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားလာပါက ပြည်သူ့ဆေးရုံများတွင် တုပ်ကွေးရောဂါကုသဆေးများဖြင့် ကုသပေးနိုင်ရေးနှင့် အထူးကြပ်မတ်ကုသပေးနိုင်ရေး အသင့်ပြင်ဆင်ထားရှိပါကြောင်း၊ ပြည်သူလူထုထံ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်အတွက် ပေါင်းစပ်ဆောင်ရွက်သွားရန် ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းဆောင်ရွက်နေကြသော ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဒုတိယတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ တာဝန်ခံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူနှင့် အခြားဖိတ်ကြားထားသော တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

### နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# မြစ်ကြီးနားမြို့နယ်နှင့် မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ တွေ့ဆုံရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ မွန်ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များအား သက်ဆိုင်ရာမြို့နယ်ရှိ တပ်မတော်ဆေးရုံများမှ ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ်၌ ဆီနေကြာစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ ဒီဇင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်လေးခုတွင် ၁၅ ဧကစီ တာဝန်ယူ စိုက်ပျိုးလျက်ရှိသည့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံ ငွေစုငွေချေး သမဝါယမအသင်း အသင်းသားနှစ်ဦး၏ ရှုရှားနေကြာ(Makhaon) ငါးဧက စိုက်ပျိုးထားရှိမှုကို ယနေ့နံနက်ပိုင်းက ကြည့်ရှု၍ သတ်မှတ်ကာလအတိုင်း သွင်းအားစု၊ ပိုးသတ်ဆေးသုံးစွဲရန်နှင့် ရေသွင်းခြင်းများဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ ဆူရာကီရမ်နေကြာ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုပြီး သတ်မှတ်အကွာအဝေးအတိုင်း ပင်ခွဲခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရန်၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး သဘာဝမြေဩဇာ သွင်းအားစုများ အသုံးပြုရန်၊ အပင်ကြီးထွားချိန်၊ အစေ့တည်ချိန်များတွင် လိုအပ်သော ရေပမာဏဖျန်းခြင်းတို့ဖြင့် အောင်မြင်ဖြစ်ထွန်းရေးအတွက် အသင်းအဆင့်ဆင့်က အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျိုက်မရောမြို့နယ်၌ ရွေးကောက်ပွဲတွင် ပြည်သူများမဲပေးနိုင်ရေး အသိပေးနှိုးဆော်

**ကျိုက်မရော ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများမဲပေးနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းကို မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲကျင်းပမည့် ရပ်ကွက် / ကျေးရွာများ၌ ယမန်နေ့နံနက်ပိုင်းကစ၍ နှိုးဆော်အသိပေးလျက်ရှိသည်။

ထိုသို့ အသိပေးနှိုးဆော်ရာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဖြည့်စွက်စိစစ်ပြီး မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက်မှစ၍ ရွေးကောက်ပွဲကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက် မဲပေးခြင်းပြီးစီးသည့်အချိန်ထိ သက်ဆိုင်ရာမဲရုံများတွင်လည်းကောင်း ကပ်ထားကြေညာပေးထားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ ဆက်)**

# ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမအသင်းစုလီမိတက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းညို က အမှာစကားပြောကြားပြီး မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နီအေးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းတို့အား အသင်းအမှုဆောင်များက ဖတ်ကြားရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် အသင်းဝင် ကိုယ်စားလှယ်တို့ထံမှ



အတည်ပြုချက် ရယူခြင်းများ ဆောင်ရွက်ခဲ့ပြီး အသင်းဝင်ကိုယ်စားလှယ်များအား ရင်းနှီးငွေအပေါ် အကျိုးအမြတ်ခွဲဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

**နိုင်ငံတစ်ဝန်း**

**စိမ်းလန်းဖို့**

**သစ်ပင်စိုက်ပျိုး**

**ထိန်းသိမ်းစို့။**

# လောင်းလုံးမြို့နယ်၌ ပဉ္စမအကြိမ် ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်

**လောင်းလုံး ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီးလောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ၂၀၂၅ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးသည့် တောင်သူများအား ပဉ္စမအကြိမ်



ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို ထားဝယ်မြို့ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ထိုက်က ဒေသခံတောင်သူများအနေဖြင့် မိုးစပါးအပြီး သီးထပ်စွမ်းအား တိုးတက်လာစေရန် ဆောင်းသီးနှံ စိုက်ပျိုးလျက်ရှိပါကြောင်းနှင့် အဆိုပါတောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တောင်သူများအနေဖြင့်လည်း မြေဩဇာများကို အကျိုးရှိစွာ အသုံးချ၍ တစ်ဧကအထွက်နှုန်း တိုးတက်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လောင်းလုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းထက်ပိုင်က ၂၀၂၅ ခုနှစ်အတွက် ဆောင်းသီးနှံ (မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ နှမ်း၊ မြေပဲ) စိုက်ပျိုးသည့် တောင်သူများအတွက် ပဉ္စမအကြိမ် ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**သိန်းသိန်း(လောင်းလုံး)**

# မြန်မာ့လယ်ယာထုတ်ကုန်များကို သဘာဝအခြေပြု တန်ဖိုးမြှင့်ခြင်း

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကောင်းမွန်သော ရာသီဥတုအရ သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းကာ လူဦးရေ အများစုမှာ လယ်ယာလုပ်ငန်းနှင့် လယ်ယာအခြေပြု စီးပွားရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်၊ ကြက်သွန်နှင့် သစ်သီးဝလံအမျိုးအစား အများအပြားသည် မြန်မာ့အဓိက ထွက်ကုန်များ ဖြစ်ကြသည်။**

ချိုချိုဝင်း(စာရင်းအင်းပညာ)

သို့သော် လယ်ယာထွက်ကုန်များကို သဘာဝအခြေပြု တန်ဖိုးမြှင့်ကုန်စည်အဖြစ် ထုတ်လုပ်နိုင်မှု နည်းပါးခြင်းကြောင့် တောင်သူများအပါအဝင် နိုင်ငံ၏ ဝင်ငွေတိုးတက်သင့်သလောက် တိုးတက်မှု မရှိဘဲ နည်းပါးလျက်ရှိနေပါသည်။ ယနေ့ခေတ်တွင် ကမ္ဘာ့ဈေးကွက်သည် သဘာဝနှင့် ညီညွတ်သည့် ထုတ်ကုန်များအပေါ် လိုအပ်ချက်များ တဖြည်းဖြည်း မြှင့်တက်လာနေသောကြောင့် မြန်မာ့လယ်ယာ ထုတ်ကုန်များကို သဘာဝအခြေပြုသည့် နည်းလမ်းများဖြင့် တန်ဖိုးမြှင့်ခြင်းသည် တောင်သူများ၏ ဝင်ငွေတိုးတက်မှုနှင့် တစ်ပြိုင်တည်း သဘာဝ ပတ်ဝန်းကျင် ကာကွယ်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။

**လယ်ယာထွက်ပို့ကုန်များ**

မြန်မာ့ပို့ကုန်အများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းများ ဖြစ်ပါသည်။ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပဲအမျိုးမျိုး၊ ဆန်၊ ရော်ဘာစိမ်း၊ ပြောင်း၊ နှမ်း၊ ကြက်သွန်နီ၊ သီဟိုဠ်စေ့ စသည်တို့သည် အဓိက ပို့ကုန်ပစ္စည်းများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မိမိဒေသ ထွက်ကုန်များကို မူလထုတ်ကုန်အတိုင်း တင်ပို့နေခြင်းမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် (ဆင့်တက် ကုန်စည် ထုတ်လုပ်ခြင်းနှင့် သဘာဝနည်းလမ်းဖြင့် ထုတ်လုပ်ခြင်း) ပြောင်းလဲထုတ်လုပ်နိုင်ပါက ဈေးနှုန်း ပိုမိုရရှိနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးအပေါ် ကောင်းကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် သဘာဝနည်းလမ်း အခြေပြုထုတ်လုပ်မှု တိုးတက်လာပါက နိုင်ငံခြား ငွေအမြောက်အမြား အသုံးပြုတင်သွင်းနေရသည့် ဓာတ်မြေဩဇာ တင်သွင်းမှုကိုလည်း လျှော့ချလာနိုင်မည် ဖြစ်ပါသည်။

**တန်ဖိုးမြှင့်ခြင်း**



အသေးစားနေရောင်ခြည်သုံး အခြောက်ခံစက်ဖြင့် သီးနှံများအား အခြောက်ခံထားရှိစဉ်။

လယ်ယာထုတ်ကုန်တစ်ခုကို မူလထုတ်ကုန်ပစ္စည်းအနေဖြင့် ရောင်းချခြင်းမပြုဘဲ ပြုပြင်ထုတ်လုပ်မှု၊ ထုပ်ပိုးမှုနှင့် ဆင့်တက်ထုတ်လုပ်မှုများ အသွင်ပြောင်းလဲခြင်းဖြင့် ထုတ်ကုန်တန်ဖိုးမြှင့်တင်ခြင်းကို တန်ဖိုးမြှင့်ခြင်းဟု ခေါ်ပါသည်။ ထိုနည်းတူ စိုက်ပျိုးမှုတွင် သဘာဝအခြေပြု၍ ထုတ်လုပ်ခြင်း (ဓာတုသွင်းအားစုများ အသုံးမပြုခြင်း)ဖြင့်လည်း ထုတ်ကုန်များ၏ တန်ဖိုးကို တိုးမြှင့်နိုင်ပါသည်။ ဥပမာအားဖြင့် စပါးကို သဘာဝအခြေပြု၍ စိုက်ပျိုးခြင်း၊ သစ်သီးဝလံများကို သဘာဝနည်းလမ်းများဖြင့် စိုက်ပျိုးခြင်းတို့သည် တောင်သူများအတွက် ဝင်ငွေတိုးတက်စေရုံသာမက ပြည်ပသို့ တင်ပို့နိုင်သည့် အရည်အသွေးမြင့် ထုတ်ကုန်များလည်း ဖြစ်စေနိုင်ပါသည်။

- **ထုတ်ကုန်များ သဘာဝနှင့်ညီညွတ်မှုဆိုသည်မှာ သဘာဝဓာတ်မြေဩဇာကို အသုံးပြုခြင်း၊ ဓာတုပစ္စည်းနည်းသော ထုတ်လုပ်နည်းများအသုံးပြုခြင်းနှင့် သဘာဝထုတ်ကုန်အဖြစ် ထုပ်ပိုးခြင်းတို့ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ပါးစေပြီး စားသုံးသူများ၏ ယုံကြည်မှုကို ရရှိစေ**
- **ကမ္ဘာ့ဈေးကွက်တွင်** Organic, Eco-friendly, Chemical-free **အစရှိသော စကားလုံးများသည် ကုန်ပစ္စည်း၏တန်ဖိုးကို မြင့်တက်စေသည့် အဓိက အချက်များဖြစ်လာ**
- **မြန်မာနိုင်ငံ၏ လယ်ယာထုတ်ကုန်များကို သဘာဝအခြေပြု နည်းလမ်းများဖြင့် တန်ဖိုးမြှင့်ခြင်းသည် အပြိုင်အဆိုင်တိုးလာသည့် ဈေးကွက်တွင် ကာလရှည် ရပ်တည်နိုင်ရေးကို အထောက်အကူပြုစေ**

**သဘာဝနှင့်ညီညွတ်မှု**

ထုတ်ကုန်များ သဘာဝနှင့်ညီညွတ်မှုဆိုသည်မှာ သဘာဝဓာတ်မြေဩဇာကို အသုံးပြုခြင်း၊ ဓာတုပစ္စည်းနည်းသော ထုတ်လုပ်နည်းများအသုံးပြုခြင်းနှင့် သဘာဝထုတ်ကုန်အဖြစ် ထုပ်ပိုးခြင်းတို့ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ပါးစေပြီး စားသုံးသူများ၏ ယုံကြည်မှုကို ရရှိစေပါမည်။ ကမ္ဘာ့ဈေးကွက်တွင် Organic, Eco-friendly, Chemical-free အစရှိသော စကားလုံးများသည် ကုန်ပစ္စည်း၏ တန်ဖိုးကို မြင့်တက်စေသည့် အဓိကအချက်များ ဖြစ်လာပြီဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လယ်ယာထုတ်ကုန်များကို သဘာဝအခြေပြု နည်းလမ်းများဖြင့် တန်ဖိုးမြှင့်ခြင်းသည် အပြိုင်အဆိုင်တိုးလာသည့် ဈေးကွက်တွင် ကာလရှည် ရပ်တည်နိုင်ရေးကို အထောက်အကူပြုစေမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏ အခွင့်အလမ်းများ**

မြန်မာနိုင်ငံတွင် သဘာဝနှင့်ညီညွတ်သည့် တန်ဖိုးမြှင့်လုပ်ငန်းများအတွက် အခွင့်အလမ်းများ စွာရှိပါသည်-

(က) **သဘာဝရင်းမြစ်များ ပေါများခြင်း။** မြန်မာ့တောတောင် ရေမြေများသည် သဘာဝအရည်အသွေး ကောင်းမွန်ခြင်း၊

(ခ) **နည်းပညာသစ်အသုံးပြုခြင်း။** နည်းလမ်းအသစ်များ အသုံးပြု၍ စိုက်ပျိုးမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်သည့် အခြေအနေရှိခြင်း၊

(ဂ) **အိမ်နီးချင်းပြည်ပဈေးကွက်များ။** လူဦးရေ အမြောက်အမြားနေထိုင်သော တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံစသည့် အိမ်နီးချင်းနိုင်ငံများသို့ အလွယ်တကူတင်ပို့နိုင်ခြင်း၊

(ဃ) **သဘာဝထုတ်ကုန်အပေါ် ဈေးကွက်လိုအပ်ချက်မြင့်လာခြင်း။** စားသုံးသူများက Chemical-free အစားအစာများကို ပိုမိုရွေးချယ်လာခြင်း။

ဤအချက်များကြောင့် မြန်မာနိုင်ငံ၏ သဘာဝအခြေပြု တန်ဖိုးမြှင့်လုပ်ငန်းများ ဆောင်ရွက်ပြီး တိုးတက်မှုအခွင့်အလမ်းများ ဖန်တီးနိုင်မည် ဖြစ်ပါသည်။

**ဆောင်ရွက်ရမည့်ကိစ္စ**

မြန်မာနိုင်ငံအတွင်း သဘာဝအခြေပြု တန်ဖိုးမြှင့်မှုကို စမ်းသပ်လျက်ရှိသော ဒေသများရှိသော်လည်း အချို့သော အခက်အခဲများရှိနေဆဲဖြစ်ပါသည်-

(က) **စက်မှုနည်းပညာလိုအပ်ခြင်း။** MSME များအတွက် လိုအပ်သော စက်ပစ္စည်း ပံ့ပိုးပေးခြင်းနှင့် နည်းပညာဆန်းသစ်မှု ဖြစ်စေခြင်း၊

(ခ) **သင်တန်းများနှင့် လေ့ကျင့်မှုများ ပြုလုပ်ခြင်း။** သဘာဝစိုက်ပျိုးနည်းလမ်းများ၊ ထုပ်ပိုးနည်းများ၊ ဈေးကွက် ဈေးနှုန်းသိရှိမှုစနစ်များ သင်ကြားပေးခြင်း၊

(ဂ) **တန်ဖိုးမြှင့်လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုစနစ် တည်ဆောက်ခြင်း။** SME များအတွက် အတိုးနှုန်းနည်းသော ချေးငွေ မူဝါဒများ ဖန်တီးပေးခြင်း၊

(ဃ) **သဘာဝထုတ်ကုန် အထောက်အထားစနစ် တည်ဆောက်ခြင်း (Organic Certification)။** ပြည်ပသို့ တင်ပို့ရာတွင် ယုံကြည်မှုရရှိစေရေး လက်မှတ်စနစ် တည်ဆောက်ခြင်း။

**တိုးတက်ဖွံ့ဖြိုးလာမည်**

အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ ပူးပေါင်း၍ သဘာဝနှင့်ညီညွတ်သည့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ပါက တောင်သူများ၏ ဝင်ငွေတိုးတက်မှု၊ နိုင်ငံ့စီးပွားရေး တိုးတက်မှု အကျိုးကျေးဇူးများ ရရှိလာနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီး သက်တမ်းရှည် စီးပွားရေးတည်ဆောက်နိုင်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် သဘာဝထုတ်ကုန်ထုတ်လုပ်နိုင်သော နိုင်ငံအဖြစ် ပြည်ပတွင် နာမည်ရလာပါက အနာဂတ်တွင် မြန်မာ့လယ်ယာစီးပွားရေးသည် သဘာဝနှင့်ညီညွတ်သည့် တန်ဖိုးမြှင့် ထုတ်ကုန်များဖြင့် တိုးတက်ဖွံ့ဖြိုးလာမည်ဟု မျှော်လင့်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ရွှေဘိုမြို့၌ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်းရှိ မဲရုံများအား ကြည့်ရှုစစ်ဆေး



ရွှေဘို ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ထားရှိသော ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအား ယနေ့နေ့လယ်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်နှင့်ကျေးရွာကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်းရှိ မဲရုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။


ခရိုင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲများကို ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ လည်းကောင်း ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက Video Conference ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။





ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် မဲရုံလုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၅)အောင်မင်္ဂလာရပ်ကွက် မဲရုံအမှတ်(၅) နှင့် အမှတ်(၂) အောင်မေတ္တာရပ်ကွက် မဲရုံအမှတ်(၁) တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်လွှတ်တော်ခန်းမဆောင်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့၌လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲစာရင်းကပ်ထားမှု၊ မဲပေးစက်များပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြင်းခြံမြို့၌ ကြိုတင်ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေး ရေတွက်

**မြင်းခြံ ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ကြိုတင်ဆန္ဒမဲလက်မှတ်များ ဖွင့်ဖောက်စစ်ဆေးရေတွက်ခြင်းကို ယနေ့ ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရောက်ရှိသူများ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သည့် စာအိတ်များအား ပုံစံ (၁-၁)၊ ပုံစံ (၁-၂)၊ ပုံစံ (၁-၄)နှင့် ကြိုတင်ဆန္ဒမဲပေးသူများ လက်မှတ်ရေးထိုးထားသည့် ပုံစံ-၁၅ (က-၁)၊ ပုံစံ-၁၅ (ခ-၁) တို့ဖြင့် တိုက်ဆိုင်စစ်ဆေးကာ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ခဲ့ကြသည်။

အဆိုပါ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများ၊ အများပြည်သူများရှေ့၌ ဖွင့်ဖောက်စစ်ဆေးရေတွက်ခဲ့ကြောင်း သိရသည်။

**ချစ်ဦးနွေ့(မြင်းခြံ)**





## မိုးညှင်းမြို့နယ်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်

**မိုးညှင်း ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်ကာ မြို့နယ်အတွင်းရှိသက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆောင်ရွက်သည်။

အဆိုပါ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရန်အတွက် မိုးညှင်းမြို့နယ်အတွင်းရှိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲလာရောက်ပေးကြသူများကို တာဝန်ရှိသူများက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ခြင်းနှင့် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ကြိုတင်ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့နယ်၌ ရွေးကောက်ပွဲကျင်းပမည့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု စုစုပေါင်း ၄၃ စုရှိပြီး ဖွင့်လှစ်သွားမည့် မဲရုံစုစုပေါင်း ၇၄ ရုံပါဝင်ကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## ထားဝယ်မြို့နယ်၌ ပဉ္စမအကြိမ် ယူရီးယားဓာတ်မြေသြဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးအပ်

**ထားဝယ် ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများအား ပဉ္စမအကြိမ် ယူရီးယားဓာတ်မြေသြဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ထားဝယ်မြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျက ဆောင်းသီးနှံစိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေသြဇာများဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် ယူရီးယားဓာတ်မြေသြဇာများကို အကျိုးရှိစွာအသုံးချ၍ တစ်ဧကအထွက်နှုန်း တိုးတက်ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းက ၂၀၂၅ ခုနှစ်အတွက် ဆောင်းသီးနှံ(မတ်ပဲ၊အစေ့ထုတ်ပြောင်း၊ နေကြာ၊ နှမ်း၊ မြေပဲ) စိုက်ပျိုးသည့် တောင်သူများအတွက် ပဉ္စမအကြိမ် ယူရီးယားဓာတ်မြေသြဇာ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက တောင်သူများထံ ယူရီးယားဓာတ်မြေသြဇာများ ပေးအပ်သည်။

ထားဝယ်မြို့နယ် အတွင်းရှိ ဆောင်းသီးနှံ စိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေသြဇာအိတ် ၃၈၀ ကို ကျေးရွာများရှိ တောင်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## သပိတ်ကျင်းမြို့နယ်၌ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မြေနီတောင်ကျေးရွာဘုန်းတော်ကြီးကျောင်းရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင်သီလရှင် သုံးပါးနှင့် ဒေသခံပြည်သူ ၂၀၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင် ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေး ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မော်လမြိုင်မြို့ ရွှေမြိုင်ခန်းမ၌ နိုင်ငံပြင်ပရောက်ရှိနေသူများ ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင် အဖွဲ့ခွဲများသည် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၆၂(က) အရ ကော်မရှင်က ပေးပို့သည့် နိုင်ငံပြင်ပရောက်ရှိနေသူများ ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ယမန်နေ့ မွန်းလွဲပိုင်းက မော်လမြိုင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး ရွှေမြိုင်ခန်းမ၌ ရေတွက်သည်။



မွန်ပြည်နယ်အတွင်း ကြိုတင်ဆန္ဒမဲပေးရန် အဆိုပြုသူ ၁၀၄ ဦးရှိသည့် အနက် ၈၄ ဦးက ဆန္ဒမဲပေးခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင် (မွန်ပြည်နယ်တာဝန်ခံ)၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများရှေ့တွင် ဖွင့်ဖောက်ရေတွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် မြို့နယ်အလိုက် ကြိုတင်မဲများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ရေတွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## မြောင်းမြမြို့၌ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ မဲပေးစက်များထုတ်ပေး

**မြောင်းမြ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) များကို ယမန်နေ့နံနက်ပိုင်းမှ စတင်ခွဲဝေထုတ်ပေးခဲ့သည်။

မြောင်းမြခရိုင်တွင် မြောင်းမြမြို့သည် ရွေးကောက်ပွဲ ပထမပိုင်းတွင် ပါဝင်နေပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများကို ကုန်းလမ်း/ရေလမ်းဖြင့် စတင်ပို့ဆောင်ပေးနေခြင်းဖြစ်သည်။

မြောင်းမြမြို့၌ မြို့ပေါ်ရပ်ကွက် (၁၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁၄ အုပ်စု၊ မဲရုံပေါင်း ၂၃၆ ရုံအတွက် မဲပေးစက်နှင့် အရန်မဲပေးစက်များနှင့်ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ ထုတ်ပေးခဲ့ပြီး လိုအပ်ချက်များ မရှိစေရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဖြိုး(ပြန်/ဆက်)



## မူဆယ်မြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲရုံများအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**မူဆယ် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးမည့်ပြည်သူများ အဆင်ပြေချောမွေ့မဲပေးနိုင်ရန် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၊ အခြေခံကျောင်းများရှိ မဲရုံများအတွင်း၌ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးမှုကို နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ မဲရုံများတွင် လွှတ်တော်အလိုက် အီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် ဆန္ဒမဲပေးမည့်နေရာများပြင်ဆင်ထားသည့်အခြေအနေများ၊ မဲစာရင်းစစ်ဆေးသူများ၊ အီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်မည့်သူများ၊ ဆန္ဒပြုခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားခဲ့ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**

## ပဲခူးမြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်း

**ပဲခူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ပြေစာတံဆိပ်ကပ်နှိပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၃ ရက်က ပဲခူးမြို့ လူငယ်စင်တာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇေမောင်မောင်က အမှာစကားပြောကြား၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နီလာမြင့်က အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးရာ အခွန်ထမ်းပြည်သူ ၂၇၀ တက်ရောက်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**



လက်ပံတန်းမြို့နယ်အတွင်းရှိ မဲရုံပြုလုပ်မည့်နေရာများ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ဒီဇင်ဘာ ၂၅ ရက်က သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး ဦးဟန်မြင့်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလင်းကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချမ်းသာကုန်း၊ ကျွန်းကလေး၊ ကညင်တန်းကျေးရွာအုပ်စုရှိ မဲရုံများတွင် မီးဘေးကာကွယ်ရေးစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## မချမ်းဘောမြို့နယ်၌ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ၏ ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်

**မချမ်းဘော ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မချမ်းဘော မြို့၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင် များဆန္ဒပြုထားသည့် ကြိုတင် ဆန္ဒမဲလက်မှတ်ပါ စာအိတ်များ ဖွင့်ဖောက် ရေတွက်ခြင်းကို ယနေ့ညနေ ၄ နာရီက မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မဲဆန္ဒနယ်ပြင်ပ ရောက်ရှိသူများအနက် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ ဆန္ဒပြုထား သည့် ကြိုတင်ဆန္ဒမဲလက်မှတ် ပါစာအိတ်များကို မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအဉ္စန်ရှင်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတူးဂျာ၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိဦးမိုးအောင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စား



လှယ်လောင်းများ၊ နိုင်ငံရေး ပါတီများမှ အသိသက်သေများ ရှေ့မှောက်တွင် ဖွင့်ဖောက် ရေတွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ယောရွှေနီ(မချမ်းဘော)**

## ပင်လောင်းမြို့နယ်၌ "ဒို့အတူတူမဲပေးကြမယ်" မြေစိုက်ပိုစတာစိုက်ထူ

**ပင်လောင်း ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်၌ ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်ပြီး ဆန္ဒမဲပေးနိုင်ရေး



အတွက် အသိပေးနှိုးဆော်သည့် " ဒို့အတူတူ မဲပေးကြမယ် " မြေစိုက် ပိုစတာစိုက်ထူခြင်းကို ယနေ့ နံနက်ပိုင်းက မြို့မဈေးရှေ့ မင်းလမ်းဘေး၌ ပြုလုပ်သည်။

"ဒို့အတူတူ မဲပေးကြမယ် " မြေစိုက်ပိုစတာစိုက်ထူပွဲသို့ ပင်လောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဇော်ထက် နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညာဏ်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲအရာရှိ ဦးဆိုင်မှိုင်းနှင့် ဝန်ထမ်းများ တက်ရောက်ကြရာ "ဒို့အတူတူ မဲပေးကြမယ်" မြေစိုက်ပိုစတာအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်လာသည့် ပြည်သူများအား မဲပေးပုံမဲပေးနည်း လက်ကမ်းစာစောင်နှင့် ဒို့အတူတူမဲပေးကြစို့ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ကရသူရီမြို့၌ တတိယအကြိမ်မဲဆန္ဒရှင်စာရင်းများအား ပြည်သူများလာရောက်ကြည့်ရှု

**ကရသူရီ ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကရသူရီမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများတွင် ယနေ့မွန်းလွဲပိုင်းက မဲဆန္ဒရှင် စာရင်းများကို တတိယအကြိမ် ကပ်ထားကြေညာလျက်ရှိရာ ပြည်သူ များ လာရောက်ကြည့်ရှုလျက်ရှိသည်။

မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင်အမည် ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေ ပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ထားပြီး



ဖြစ်၍ မှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများကို တတိယအကြိမ် ထုတ်ပြန် ခြင်းဖြစ်ကြောင်း သိရသည်။

**ကရသူရီ(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများထံ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် မဲရုံသုံးပစ္စည်းများထုတ်ပေးလျက်ရှိ

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

မော်လမြိုင်မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက် ထရောနစ် မဲပေးစက်(MEVM)နှင့် မဲရုံသုံးပစ္စည်းများကို ယနေ့နံနက် ၆နာရီက စတင်၍ ပြည်နယ် လွှတ်တော်ရုံး၌ စနစ်တကျ ထုတ်ပေးလျက်ရှိသည်။



မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များက မော်လမြိုင်မြို့နယ်အတွင်း ရှိ မဲရုံများအတွက် ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် သက်ဆိုင် ရာ တိုင်းရင်းသားလူမျိုးစု လွှတ်တော်တို့တွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေး စက်များ၊ အရန်စက်များ၊ ဆက်စပ် ပစ္စည်းများနှင့် မဲရုံသုံးပစ္စည်းများ ကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်း ရေးမှူးတို့ထံ စနစ်တကျထုတ်ပေး လျက်ရှိကြောင်း သိရသည်။

အဆိုပါမြန်မာအီလက်ထရော နစ်မဲပေးစက်နှင့် မဲရုံသုံးပစ္စည်း များထုတ်ယူရာတွင် စနစ်တကျ ဖြစ်စေရေးနှင့် အမှားအယွင်းများ မဖြစ်ပေါ်စေရန်အတွက် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင် နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူအဆင့် ဆင့်က အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာမဲရုံများအား ဇုန်နယ်မြေ များခွဲကာ သက်ဆိုင်ရာတာဝန်ရှိသူ များထံ သတ်မှတ်ချိန်အလိုက် ထုတ်ပေးလျက်ရှိကြောင်း သိရ သည်။ **ခင်စန်းမြင့် (ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် MEVM မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာ ၂၈ ရက်၌ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM)နှင့် ဆက်စပ်ပစ္စည်းများကို လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း အမှတ်(၂)၌ ယနေ့နံနက်ပိုင်း က ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် ဆက်စပ် ပစ္စည်းများအား လယ်ဝေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ မဲရုံ ၁၅၁ ရုံအတွက် နေပြည်တော်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတိုးဝင်း၊ လယ်ဝေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံတာဝန်ကျ ဌာနဆိုင်ရာတာဝန်ရှိသူများက မဲရုံအသီးသီးမှ မဲရုံတာဝန်ခံများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ စနစ်တကျထုတ်ပေး ခဲ့ပြီး လုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေးများ စီစဉ်ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**



## သနပ်ပင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား အခမဲ့ကွင်းဆင်းဆောင်ရွက်ပေး

**သနပ်ပင် ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီက ဦးဆောင်၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မြို့နယ်အတွင်းရှိ ပြည်သူများမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မြေပြင်ကွင်းဆင်း၍နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ထားခြင်းမရှိသူများနှင့်(ပျက်စီး၊ ပျောက်ဆုံး၊ လဲလှယ်) တို့ကို ယနေ့ နံနက် ၉ နာရီက ဘူတာပိုင်းရပ်ကွက် ရွှေကျီးပင်ဓမ္မာရုံ၌ One stop service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ကွင်းဆင်း ပြုလုပ်ဆောင်ရွက်ပေးသည်။

အဆိုပါဆောင်ရွက်ပေးနေမှုကို သနပ်ပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီအဖွဲ့ ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။ **အောင်မြင့်မြတ်( ပြန်/ဆက်)**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တိုယိုတာကုမ္ပဏီက ၂၀၂၆ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနှံ့ မော်တော်ကားစီးရေ ၁၀ သန်းကျော် ထုတ်လုပ်ရန်စီစဉ်




**တိုကျို ဒီဇင်ဘာ ၂၆**

တိုယိုတာကုမ္ပဏီသည် ၂၀၂၆ ခုနှစ်တွင် တစ်ကမ္ဘာလုံးရှိ တိုယိုတာစက်ရုံများ၌ မော်တော်ကားစီးရေ ၁၀ သန်းကျော်ထုတ်လုပ်ရန် စီစဉ်ထားသည်ဟု သိရသည်။

အဆိုပါပမာဏမှာ ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီအတွက် စံချိန်တင်ထုတ်လုပ်မှုပမာဏလည်းဖြစ်သည်။ တိုယိုတာကုမ္ပဏီသည် အဆိုပါထုတ်လုပ်မှုအစီအစဉ်ကို ကုန်ကြမ်းပေးသွင်းသူများထံ ပေးပို့ခဲ့သည်ဟု သတင်းအရင်းအမြစ်များက ပြောသည်။ ၂၀၂၃ ခုနှစ်အတွင်း တိုယိုတာကုမ္ပဏီမှ တစ်နှစ်ပတ်လုံး ကားစီးရေ ၁၀ ဒသမ ၃ သန်း ထုတ်လုပ်နိုင်ခဲ့သည်။ အဆိုပါပမာဏသည် အများဆုံးပမာဏလည်းဖြစ်သည်။ အမေရိကန်၏ အခွန်စည်းကြပ်မှုများရှိနေသော်လည်း ထုတ်လုပ်မှုပမာဏကို မြှင့်တင်ထားနိုင်သည်။

ယင်းသို့ပြုလုပ်နိုင်ခြင်းမှာ လျှပ်စစ်ကားများ ရောင်းချရမှုလျော့ကျမည်ဟု ခန့်မှန်းထားသော်လည်း ကုမ္ပဏီ၏ ဟိုက်ဘရစ်ကားများမှာ အမေရိကန်ဈေးကွက်တွင် အခိုင်အမာနေရာယူထားနိုင်သည့်အတွက်ဖြစ်သည်။

အသစ်ထုတ်လုပ်သွားမည့် ကားစီးရေ ၁၀ သန်းအနက် ၃ ဒသမ ၅ သန်းကို ဂျပန်နိုင်ငံတွင် ထုတ်လုပ်သွားမည်ဖြစ်သည်။ မော်တော်ကားလုပ်ငန်းသည် အမေရိကန်၏ အခွန်စည်းကြပ်မှုအောက်တွင် ဆိုးကျိုးများနှင့် ကြုံတွေ့နေရသည်ဟု လေ့လာသူများက ပြောသည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းများထောက်ပံ့မှုတွင် ပိတ်ဆို့နိုင်မှုအလားအလာသည်လည်း ဆိုးကျိုးများတွင် ပါဝင်သည်။

**အင်န်အိတ်ချ်ကေ**

# လာအိုအမျိုးသားအင်တာနက်ကော်မတီ ဆိုက်ဘာလုံခြုံရေးမြှင့်တင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရန် ဆွေးနွေး

**ဗီယန်ကျင်း ဒီဇင်ဘာ ၂၆**

လာအိုအမျိုးသား အင်တာနက်ကော်မတီက ၎င်း၏ ၂၀၂၅ စွမ်းဆောင်ရည်ကို ပြန်လည်သုံးသပ်ရန်နှင့် ၂၀၂၆ အတွက် အဓိကဦးစားပေးကိစ္စရပ်များ သတ်မှတ်ရန် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် အင်တာနက်အုပ်ချုပ်မှု အားကောင်းစေရေး၊ ဆိုက်ဘာလုံခြုံရေးကိုမြှင့်တင်ရန်နှင့် အွန်လိုင်းလိမ်လည်မှုများကို တိုက်ဖျက်ရန် အဓိကထားဆွေးနွေးခဲ့သည်။

လာအိုဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး ဗီလေးလာခန်ဖွန် ဥက္ကဋ္ဌအဖြစ် ပါဝင်တက်ရောက်ခဲ့သော အဆိုပါ အစည်းအဝေးကို လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ဒီဇင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။ ထို့အပြင် သက်ဆိုင်ရာ အေဂျင်စီများမှ တာဝန်ရှိသူများလည်း အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်ဟု လာအိုအမျိုးသားရေဒီယိုတွင်ဖော်ပြခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ၂၀၂၅ ခုနှစ် လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး ၂၀၂၆ လုပ်ငန်းစီမံချက်များကို ချမှတ်ခဲ့သည်။

အဆိုပါ အစည်းအဝေးက အင်တာနက်စီမံခန့်ခွဲမှု၊ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ၊ ဆိုက်ဘာလုံခြုံရေးနှင့် အစိုးရလုပ်ငန်းဆောင်ရွက်မှုများ၊ စီးပွားရေးနှင့်နေ့စဉ်ဘဝများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုဆိုင်ရာ တိုးတက်မှုကို မီးမောင်းထိုးပြခဲ့သည်။ **ဆင်ဟွာ**



# မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါ ဖြစ်ပွားသူ စုစုပေါင်း ၁၃၇၅၂ ဦးရှိ

**အူလန်ဘာတာ ဒီဇင်ဘာ ၂၆**

မွန်ဂိုလီးယားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဝက်သက်ရောဂါဖြစ်ပွားသူသစ် ခြောက်ဦးတွေ့ရှိရာ နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါဖြစ်ပွားသူ ၁၃၇၅၂ ဦး ရှိပြီဖြစ်ကြောင်း နိုင်ငံ၏အမျိုးသားကူးစက်ပျံ့နှံ့တတ်သောရောဂါများဆိုင်ရာစင်တာ(အင်န်စီစီဒီ)က ဒီဇင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွား၍ ပြင်းထန်စွာဖျားနေသည့် ကလေး လေးဦးအပါအဝင် ဆေးရုံတက်ရောက်နေသူ ၂၅ ဦး ရှိကြောင်း အင်န်စီစီဒီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။ နိုင်ငံအတွင်း နောက်ဆုံးအတည်ပြုတွေ့ရှိသည့် ဝက်သက်ရောဂါဖြစ်ပွားသူ၏ ထက်ဝက်ကျော်မှာ ကာကွယ်ဆေးတစ်ကြိမ်သာ ထိုးနှံထားသည့် ကျောင်းနေအရွယ်ကလေးများဖြစ်ကြောင်း မွန်ဂိုလီးယားဆရာဝန်များက ပြောကြားသည်။

ဝက်သက်ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံခြင်းဖြင့် ၎င်းတို့၏ ကလေးများကို ဖြစ်နိုင်ခြေရှိသည့် ပြင်းထန်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် အင်န်စီစီဒီက မိဘများအား အကြံပြုထားသည်။

ဝက်သက်ရောဂါသည် ဖျားနာခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်းနှင့် မျက်လုံးများရောင်ရမ်းခြင်းတို့ အပါအဝင် နောက်ဆက်တွဲများဖြစ်ပွားကြောင်း သိရသည်။ **ဆင်ဟွာ**

# အီဂျစ်နိုင်ငံ၌ ငါးထပ်အဆောက်အအုံပြိုကျမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံး

**ကိုင်ရို ဒီဇင်ဘာ ၂၆**

အီဂျစ်နိုင်ငံ ကိုင်ရိုတောင်ပိုင်း ဂီဇာပြည်နယ်၌ ငါးထပ်လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားသဖြင့် သေဆုံးသူ ရှစ်ဦးရှိကြောင်း အီဂျစ်နိုင်ငံပိုင် အာရမ်အွန်လိုင်းသတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ထားသည်။



ပြိုကျနေသည့် အပျက်အစီးများအောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

ကယ်ဆယ်ရေးအဖွဲ့များသည် ရှာဖွေရေးလုပ်ငန်းများနှင့် အပျက်အစီးများကို ဖယ်ရှားခြင်းလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်ရာ နှစ်ရက်အကြာတွင် နောက်ဆုံးပျောက်ဆုံးနေသူကို ပြန်လည်တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဂီဇာအတွင်း လူဦးရေထူထပ်သော ဒေသဖြစ်သည့် အင်ဘာဘာ၌ ဒီဇင်ဘာ ၂၃ ရက် နှောင်းပိုင်းက အဆောက်အအုံပြိုကျသဖြင့် အနီးအနားရှိ အဆောက်အအုံများကို ပျက်စီးစေခဲ့ကြောင်း သိရသည်။

အဆောက်အအုံပြိုကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် အထူးအင်ဂျင်နီယာကော်မတီတစ်ဖွဲ့ကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# လွှတ်တင်မှုမအောင်မြင်ခဲ့သော အိတ်ချ် ၃ ဒုံးပျံ လေးနာရီအတွင်း ကမ္ဘာ့လေထုအတွင်းပြန်လည်ဝင်ရောက်မည်

**တိုကျို ဒီဇင်ဘာ ၂၆**

လွှတ်တင်မှု မအောင်မြင်ဖြစ်ပြီးနောက် အဋ္ဌမမြောက် အိတ်ချ် ၃ ဒုံးပျံ၏ ဒုတိယအဆင့်နှင့် ၎င်းတင်ဆောင်လာသော ဂြိုဟ်တုသည် လေးနာရီခန့်အတွင်း ကမ္ဘာ့လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်လာဖွယ်ရှိကြောင်း ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ (JAXA) က ပြောသည်။

အဆိုပါဒုံးပျံသည် ကမ္ဘာလုံးဆိုင်ရာ တည်နေရာပြစနစ်အတွက် ဂျပန်ဗားရှင်း Michibiki No.5 ဂြိုဟ်တုကို သယ်ဆောင်လာခဲ့သည်။ ၎င်းကို ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီမာစီရင်စုရှိ တာနီဂါရှီမာ အာကာသစခန်းမှ ဒီဇင်ဘာ ၂၂ ရက်တွင် လွှတ်တင်ခဲ့သည်။ ဂြိုဟ်တုကို စီစဉ်ထားသော ပတ်လမ်းအတွင်းသို့ မထည့်သွင်းနိုင်ခဲ့ခြင်းကြောင့် လွှတ်တင်မှု မအောင်မြင်ခဲ့ပေ။

ဒီဇင်ဘာ ၂၅ ရက်က ပြုလုပ်သော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ကျွမ်းကျင်သူအဖွဲ့အစည်းအဝေးတွင် JAXA တာဝန်ရှိသူများက ၎င်းတို့၏ ပျံသန်းမှုဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုရလဒ်များနှင့် ဒုံးပျံမှပေးပို့သောအခြားအချက်အလက်များကို အစီရင်ခံတင်ပြခဲ့သည်။

ဒုံးပျံနှင့် ဂြိုဟ်တုအများစုသည် မီးလောင်သွားသည်ဟု ယူဆရပြီး တချို့အစိတ်အပိုင်းများ မီးလောင်မှုမရှိဘဲ ပင်လယ်ထဲသို့ ပြုတ်ကျသွားနိုင်သည်ဟုဆိုသည်။ ယခုအချိန်အထိပြုတ်ကျသည့်အရာဝတ္ထုများ ပျက်စီးဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ အတည်မပြုနိုင်သေးပေ။ **အင်န်အိတ်ချ်ကေ**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီးဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီး မဲရုံများကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး



**စစ်တွေ ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ကြီးသည် ဒီဇင်ဘာ ၂၅ ရက်က ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံနေရာအဖြစ် သတ်မှတ်ထားရှိသည့် အဆောက်အအုံ၊ မဲပေးစက်များအား ဖြန့်ခွဲသယ်ယူပို့ဆောင်ရေးကိစ္စရပ်များ၊ MEVM မဲပေးစက်အသုံးပြုရာတွင် လိုအပ်သည့် စက်ပိုင်းဆိုင်ရာများအား ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ယင်းနောက် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ပေါ်ရှိ ဘောက်သီးစုရပ်ကွက်၊ လမ်းမတော်မြောက်ရပ်ကွက်၊ ပြည်တော်သာရပ်ကွက်၊ အနောက်စံပြရပ်ကွက်များသို့ သွားရောက်ကာ အဆိုပါရပ်ကွက်စာသင်ကျောင်းများတွင် မဲရုံနေရာနေရာချထားမှုပုံစံအတိုင်း ပြင်ဆင်ထားရှိမှုအခြေအနေ၊ မဲရုံတာဝန်ကျဝန်ထမ်းများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ မဲဆန္ဒရှင်များ လွယ်ကူစွာဆန္ဒမဲပေးနိုင်ရေး ပြင်ဆင်ထားရှိရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အထူးအလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)



ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဖြူတောင်ကျေးရွာ၊ စည်ပင်လှကျေးရွာနှင့် ကွဲခြံကျေးရွာတို့၌ မဲရုံအဖြစ်ဆောင်ရွက်မည့် စာသင်ကျောင်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးပစ္စည်းများထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

## ပုဇွန်တောင်မြို့နယ်၌ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြည်တွင်းရှိ မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရောက်ရှိနေသူများ ဆန္ဒပြုထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များ ရေတွက်ခြင်းကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် အောက်ပုဇွန်တောင် လမ်း ပြည်တော်သစ်အိမ်ရာရှိ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ရာသို့ အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြု ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ကြိုတင်မဲများ ဖွင့်ဖောက်ရေတွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ပါတီကိုယ်စားပြု ကိုယ်စားလှယ်များရှေ့တွင် ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ကြိုတင်မဲများကို ဖွင့်ဖောက်ရေတွက်ခဲ့ကြကြောင်း သိရသည်။

**ဟန်စုယဉ်**



ရေနံချောင်းမြို့နယ်ရှိ မဲရုံများနှင့် မဲပေးစက်ထားရှိသည့် အဆောက်အအုံအား ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)



သာယာဝတီမြို့နယ်ရှိ မဲရုံများ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၄ ရက်က သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်မြင့်ကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်မောင်လတ်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။

ခရိုင် (ပြန်/ဆက်)

## ဇမ္ဗူသီရိမြို့နယ်၌ မဲရုံများပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများ ပြင်ဆင်ဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်သည် ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်း၊ အဖွဲ့ဝင် ဗိုလ်မှူးပြည့်ဖြိုးအောင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၅ ရက်က လိုက်လံကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား မဲဆန္ဒရှင်များမဲပေးနိုင်ရန်နှင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အမှတ်(၁၄၀) အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းတို့၌ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးရာ မဲရုံတာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**နီလာ(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ “ဒို့အတူတူ မဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ပန်းတောင်း ဒီဇင်ဘာ ၂၆**

“ဒို့အတူတူမဲပေးကြမယ်”အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံက်ပိုင်းက တိုင်းရင်းသားဘာသာ ငါးမျိုးဖြင့် ရိုက်နှိပ်သည့် ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များကို ဒန့်ဒလွန်ကျေးရွာ၊ မြေဝါကုန်းကျေးရွာများ၌ ဖြန့်ဝေပေးခဲ့သည်။

ထိုသို့ ဖြန့်ဝေဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ အခြေခံသမဝါယမအသင်း အမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် သမဝါယမအသင်းစု အမှုဆောင်အဖွဲ့များ၊ အခြေခံသမဝါယမအသင်း အမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဒီဇင်ဘာ ၂၄ ရက်က မြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပရာ အသင်းအမှုဆောင် ၇၀ တက်ရောက်သည်။



ဦးစွာ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က အသင်းပိုင်မြေ၊ အဆောက်အအုံများအပေါ် အသင်းကိုယ်တိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်မှ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းတစ်ရပ်အနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးခြင်း ဖြစ်သည့်အတွက် မိမိမြို့နယ်အတွင်းရှိ သမဝါယမအသင်း/ အသင်းသားများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် များစွာအထောက်အကူပြုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများက ဗိုလ်မင်းရောင်ရပ်ကွက် “လှ” ချည်မျှင်ထုတ်လုပ်ရေးသို့ ရောက်ရှိ၍ သမဝါယမအသင်း တာဝန်ခံနှင့် တွေ့ဆုံကာ ၂၀၂၆ ခုနှစ် မတ်လအတွင်း ဝါစေ့ဆီကြိတ်စက်ရုံအား အပြီးတည်ဆောက် လည်ပတ်နိုင်ရေး၊ ဝါစေ့ဆီကြိတ်စက်၊ ဝါကြိတ်စက်နှင့် စက်ရက်ကန်းစက်ရုံများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး ပြောကြားသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



## ညောင်လေးပင်မြို့၌ “ဒို့အတူတူမဲပေးကြမယ်” လက်ကမ်းစာစောင် ဖြန့်ဝေ

**ညောင်လေးပင် ဒီဇင်ဘာ ၂၆**

ဒိုက်ဦးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံး ပါဝင်နိုင်ရေးအတွက် “ဒို့အတူတူမဲပေးကြမယ်” တိုင်းရင်းသားဘာသာစကား ငါးမျိုးပါသည့် လက်ကမ်းစာစောင်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သာသနာ့ဗိမ္မာန်ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ညောင်လေးပင်မြို့နယ်အတွင်းသို့ ပြောင်းရွှေ့ရောက်ရှိလာကြသည့် နေရပ်စွန့်ခွာ မိဘပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်ဘီမြို့နယ်၌ “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



**ရန်ကုန် ဒီဇင်ဘာ ၂၆**

မော်ဘီမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲအသိပညာပေး “ဒို့အတူတူ မဲပေးကြမယ်” လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက အမှတ်(၂) ဈေးလေးနှင့် ဆိုင်ကယ်ကယ်ရီဂိတ်၌ ဖြန့်ဝေခဲ့ကြသည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်းနှင့် ဝန်ထမ်းများက အမှတ်(၂)ရပ်ကွက်အတွင်းရှိ ဈေးလေးရှိ ဈေးရောင်း ဈေးဝယ်များနှင့် ဆိုင်ကယ်ကယ်ရီဂိတ်ရှိ ပြည်သူများအား “ဒို့အတူတူ မဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ တားဆီးကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့တားဆီးကာကွယ်ရေးကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက ဟွေဖအုပ်စု ဟွေဖကျေးရွာတွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့တားဆီးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ပြီး အမက(ဝမ်တုန်)၊ အမက(ဝမ်တုံ့)၊ အမက(နောင်ဘိုး)၊ အမက(ဝမ်ဖြတ်)နှင့် အမက(ဝမ်မန်း)ကျောင်းတို့အား ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရေး ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**စိုင်းအောင်ဇော်လင်း**



## သဲကုန်းမြို့နယ်၌ “ဒို့အတူတူ မဲပေးကြမယ်” လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သဲကုန်း ဒီဇင်ဘာ ၂၆**

သဲကုန်းမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် “ဒို့အတူတူမဲပေးကြမယ်” ရွေးကောက်ပွဲအောင်မြင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းကို ယနေ့နံနက်ပိုင်းက ကရင်တိုင်းရင်းသားကျေးရွာများဖြစ်သော သခွတ်တန်းကျေးရွာ၊ နှောကုန်းကျေးရွာနှင့် ရင်းတိုက်တန်းကျေးရွာတို့၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူနှင့် ဝန်ထမ်းများက ကရင်ဘာသာဖြင့် ထုတ်ဝေထားသော လက်ကမ်းစာစောင်များကို အဆိုပါကျေးရွာများရှိ ပြည်သူများသိရှိစေရန် ဖြန့်ဝေပေးပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် သတိပြုလိုက်နာရမည့် အချက်များ၊ ရှောင်ရှားရမည့်အချက်များနှင့် MEVM မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးပုံ လုပ်ငန်းအဆင့်ဆင့်၊ ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်ပါ အကြောင်းအရာများပါရှိသော အသိပညာပေး နံရံကပ်စာစောင်အား ပြည်သူများက ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။**မြို့နယ်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကျောက်တံခါးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ တတိယအကြိမ် ကပ်ထားကြေညာ

**ကျောက်တံခါး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်းများကို အများပြည်သူကြည့်ရှုနိုင်ရေး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းမှ စတင်၍ တတိယအကြိမ် ကပ်ထားကြေညာကြောင်း သိရသည်။



အဆိုပါ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ကြေညာထားမည်ဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲဆန္ဒရှင်အမည်စာရင်းများကို ပြည်သူများအလွယ်တကူ ကြည့်ရှုနိုင်ရန် စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရေး ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ



**ကွမ်းခြံကုန်း ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကွမ်းခြံကုန်းမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မဲစာရင်းများ ကပ်ထားကြေညာကြောင်း သိရသည်။

တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ရပ်/ကျေး ကော်မရှင်ရုံးများတွင် ကပ်ထားကြေညာထားကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

## ကလေးဝမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ထမ်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲပြုလုပ်

**ကလေးဝ ဒီဇင်ဘာ ၂၆**

ကလေးဝမြို့၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ထမ်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဇော်ဇော်အောင်က အမှာစကားပြောကြားပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြရာ အုပ်စုနှစ်စုခွဲ၍ ပြိုင်ပွဲအား ပတ်လည်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





## ကဝမြို့၌ ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကဝ ဒီဇင်ဘာ ၂၆**

ကဝမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်နိုင်ရေးအတွက် "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်နှင့် တိုင်းရင်းသားဘာသာစကား ငါးမျိုးပါသည့် အသိပညာပေးလက်ကမ်းစာစောင်ကို ကဝမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၂၆ ရက်က ပဲခူး-ကဝလမ်းမကြီးနှင့် လူစည်ကားရာလမ်းဆုံများ၌ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ ရဲဇော်ဟိန်း(ပြန်/ဆက်)

## သဃ်္ဃန်းကျွန်းမြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးအစီအစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်က ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၏ ကြီးကြပ်မှုဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာများကို ပြည်သူများသိရှိစေရေးအတွက် ဒို့အတူတူမဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့၊ ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူ ရွေးချယ်ကြပါစို့ အကြောင်းအရာများပါရှိသည့် အသိပညာပေး လက်ကမ်းစာစောင်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက စံပြဈေးကားမှတ်တိုင်နှင့် ငမိုးရိပ်ရပ်ကွက် လူစည်ကားရာနေရာများ၌ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



ဇော်မိုး(သဃ်္ဃန်းကျွန်း)



မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးရာတွင် ပြည်သူများ ဘေးကင်းလုံခြုံစွာ မဲပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၂၄ ရက်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးရဲဝင်းထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။ မြတ်မြတ်အေး(ပြန်/ဆက်)



ပဲခူးမြို့နယ်အတွင်းရှိ အောက်စီတီး(အရှေ့)ကျေးရွာနှင့် အိုးဘိုကျေးရွာရှိ မဲရုံပြုလုပ်မည့် အခြေခံပညာကျောင်းများသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၅ ရက်က တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)



လက်ပံတန်းမြို့နယ်တွင် မြို့နယ်အတွင်းရှိ မဲရုံပြုလုပ်မည့်နေရာများ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး ဦးဟန်မြင့်ကျော်၊ လက်ပံတန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးလင်းကျော်၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၅ ရက်တွင် ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



တံတားမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် မကူးစက်တတ်သောရောဂါများ ကာကွယ်ကုသရေးကို အသက် ၄၀ နှင့်အထက် နာတာရှည်ရောဂါဝေဒနာရှင်များအား အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက်တွင် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောက်ရွက်ပေးစဉ်။ ကျော်ဆန်း

## မင်းလှမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**အထက်မင်းလှ ဒီဇင်ဘာ ၂၆**

မင်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ



အောင်မြင်စွာ ပြုလုပ်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂၄ ရက်က လူစည်ကားရာ မင်းလှမြို့ အဝင်တြိဂံလမ်းဆုံ၊ မင်းလှ-သရက် ကားလမ်းမဘေးတို့၌ သွားရောက်ဖြန့်ဝေကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာ "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်များကို မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**

## မန္တလေးဘူတာကြီး၌ ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ချမ်းအေးသာစံ ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကာလတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအနေဖြင့် နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်စေရေးအတွက် ဒို့အတူတူ မဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များကို မန္တလေးဘူတာကြီး၌ ယမန်နေ့က ဖြန့်ဝေခဲ့ကြသည်။



အဆိုပါ လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မန္တလေး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ ချမ်းအေးသာစံမြို့နယ် ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အသင်းအဖွဲ့များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

## ကျောက်ပန်းတောင်းမြို့နယ်၌ မဲစာရင်းများကြေညာထားမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၆**

ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်များစာရင်းကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် ကြေညာပြီးသည့်နောက် ယခုတတိယအကြိမ် မဲစာရင်းများကြေညာခြင်းကို ဒီဇင်ဘာ ၂၄ ရက်က စတင်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ကပ်ထား ကြေညာလျက်ရှိရာ အဆိုပါမဲစာရင်းကြေညာထားရှိမှုနှင့် မဲရုံနေရာများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရန်မျိုးနိုင်နှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **နေအောင်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ မဲရုံပြင်ဆင်ထားရှိမှုနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ချောင်းဆုံ ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရေး မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေနှင့် ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။



အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူများက မဲရုံအတွင်း ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။ ကြိုတင်ဆန္ဒမဲပေးခြင်းကို ရွေးကောက်ပွဲအတွင်း တာဝန်ထမ်းဆောင်ကြမည့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် မသန်စွမ်းသူများအနေဖြင့် ဒီဇင်ဘာ ၂၇ ရက်အထိ ကြိုတင်ဆန္ဒမဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ပေါက်ခေါင်းမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖွင့်လှစ်

**ပေါက်ခေါင်း ဒီဇင်ဘာ ၂၆**

ပေါက်ခေါင်းမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အားကစားအသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ကို သီဆိုကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဖူဆယ်၊ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောအားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် အမှတ်(၄) ကျွဲပေါင်ပင်၊ ချောင်းစောက်၊ မီးသတ်၊ ဝက်တိုး၊ ရွာထောင်၊ အုတ်ပုံနှင့် အမှတ်(၅)အသင်းတို့ဖြင့် ဖူဆယ်အားကစားပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။



**ဖုန်းကျော်ဇင်(ပြန်/ဆက်)**



## ကျေးသီးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

**ကျေးသီး ဒီဇင်ဘာ ၂၆**

ကျေးသီးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများတွင် ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းမှစတင်၍ (တတိယအကြိမ်) ကပ်ထားကြေညာထားရာ ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါမဲဆန္ဒရှင်စာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးများတွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ သက်ဆိုင်ရာမဲရုံများတွင်လည်းကောင်း ကပ်ထားကြေညာပေးမည်ဖြစ်ပြီး မဲစာရင်းများ ကပ်ထားကြေညာမှုကို ဒီဇင်ဘာ ၂၆ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**မင်းဘူး(စကု)မြို့နယ် စကုမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် မဲရုံအနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်များ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၆ ရက်က စကုမြို့ပေါ် ရပ်ကွက်များအတွင်း စကုနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးစဉ်။**

မောင်မောင်(မင်းဘူး)



## ကျောက်ဆည်မြို့၌ ဒို့အတူတူမဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် ဒီဇင်ဘာ ၂၆**

ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေးကားလမ်းဘေး မြို့တော်ခန်းမ ရွှေရတီမီးပွိုင့်၌ ယနေ့နံနက်ပိုင်းက "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

"ဒို့အတူတူမဲပေးကြမယ်"အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် ကျောက်ဆည်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ဟိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ ခရီးသွားပြည်သူများနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများအား "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မဟာအောင်မြေမြို့နယ်၌ တတိယအကြိမ် မဲစာရင်းကပ်ထားကြေညာ



**မဟာအောင်မြေ ဒီဇင်ဘာ ၂၆**

မဟာအောင်မြေမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် မဲစာရင်းပါရှိရေး တတိယအကြိမ် မဲစာရင်း ကပ်ထား ကြေညာထားသည့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ရပ်ကွက်နေပြည်သူများအနေဖြင့် မိမိမဲစာရင်းပါရှိရေး လာရောက်ကြည့်ရှုလျက်ရှိသည်။

အဆိုပါ မဲစာရင်းများ လာရောက် ကြည့်ရှုနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသက်ဆွေဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရဲမင်းလွင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုခဲ့ပြီး မဲပေးမှုနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**



## မင်းလှမြို့နယ်၌ မဲရုံများနှင့် မဲရုံဝန်းကျင်နေရာများအား မီးဘေးလုံခြုံရေးစစ်ဆေး

**အထက်မင်းလှ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များသည် မဲရုံအဖြစ် ဖွင့်လှစ်ဆောင်ရွက်မည့် မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ရွာတော်ကျေးရွာအုပ်စုနှင့် မူလွန်(ဥယျာဉ်) ကျေးရွာတို့ရှိ စာသင်ကျောင်းနေရာများနှင့်ဝန်းကျင်၌ မီးဘေး လုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



## ချောင်းဆုံမြို့နယ်၌ မဲရုံများအတွက် အီလက်ထရောနစ် မဲပေးစက် ထုတ်ပေးနေမှု ကြည့်ရှုစစ်ဆေး

**ချောင်းဆုံ ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ချောင်းဆုံမြို့နယ်ရှိ မဲရုံများ၌ မဲလက်မှတ်ဖြင့် မဲပေးခြင်းစနစ်အစား အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးအတွက် ဒီဇင်ဘာ ၂၆ ရက်က အမှတ်(၆) တိုက်ပွဲဝင်စည်းရုံးရေး သင်တန်းကျောင်း၌ အီလက်ထရောနစ် မဲပေးစက်များကို ထုတ်ပေးခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကိုကျော်(ချောင်းဆုံ)**



## တိုက်ကြီးမြို့နယ်၌ "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တိုက်ကြီး ဒီဇင်ဘာ ၂၆**

တိုက်ကြီးမြို့နယ်၌ "ဒို့အတူတူ မဲပေးကြမယ်"အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့မွန်းလွဲပိုင်းက တိုက်ကြီးမြို့ အိုးတန်းရပ်ကွက် ရန်ကုန်-ပြည်လမ်း YBS ယာဉ်လိုင်း၊ ဂျိုးဖြူကျေးရွာ၊ မီးနင်းကံကုန်းကျေးရွာတို့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ခင်ခင်အိနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်လမ်းဦးစီးဌာန တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က "ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" အကြောင်းအရာများ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## မိုးညှင်းမြို့နယ်၌ ဆီစက်လုပ်ငန်းရှင်များ ဖွံ့ဖြိုးရေးချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**မိုးညှင်း ဒီဇင်ဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဒေသအတွင်း စားသုံးဆီဖူလုံမှုရှိစေရေးအတွက် ဆီစက်လုပ်ငန်းရှင်များ ဖွံ့ဖြိုးရေးချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မိုးညှင်းမြို့ စိမ်းရတနာမွန်(တောင်ပိုင်း)ရပ်ကွက်ရှိ မြတ်သုခဆီစက်လုပ်ငန်းကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိုးညှင်းမြို့ စိမ်းရတနာမွန် (တောင်ပိုင်း) ရပ်ကွက်ရှိ မြတ်သုခဆီစက်လုပ်ငန်းကို စစ်ဆေးကြရာ ဆီစက်လုပ်ငန်းရှင် ဦးချစ်ငွေက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆီသိုလှောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြသသည်။

ထို့နောက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ဆီစက်လုပ်ငန်းရှင်အား အဆိုပါ လုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ၎င်းဆီစက်လုပ်ငန်းရှင်အား လုပ်ငန်းများ ယခုထက် ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရွှေမိုးညှင်း**

## ကျောက်တံခါးမြို့၌ "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်ဖြန့်ဝေ



**ကျောက်တံခါး ဒီဇင်ဘာ ၂၆**

ကျောက်တံခါးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်နိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်နှင့် တိုင်းရင်းသားဘာသာစကား ငါးမျိုးပါသည့် အသိပညာပေးလက်ကမ်းစာစောင်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက စည်ပင်သာယာမြို့မဈေးနှင့် လူစည်ကားရာလမ်းဆုံများတွင် ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မုံရွာမြို့၌ မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှု လာရောက်ကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၂၆**

မုံရွာမြို့နယ်၌ တတိယအကြိမ် မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်က စတင်ပြီး သက်ဆိုင်ရာနေရာများတွင် ကြေညာထားရာ ဒီဇင်ဘာ ၂၆ ရက်က ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးမြို့၌ "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များ ဖြန့်ဝေ



**ပဲခူး ဒီဇင်ဘာ ၂၆**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် တိုင်းရင်းသားဘာသာစကား ငါးမျိုးဖြင့် ဘာသာပြန်ဆောင်ရွက်ထားသည့် "ဒို့အတူတူ မဲပေးကြမယ်" လှုံ့ဆော် အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့နယ်အတွင်းရှိ လူစည်ကားရာ နေရာများ၌ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေးကောက်ပွဲ အောင်မြင်ရေး ဒို့အတူတူမဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့၊ ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ရန်အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီးမဲပေးကြပါစို့၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူ ရွေးချယ်ကြပါစို့ စသည့် အကြောင်းအရာများကို တိုင်းရင်းသားဘာသာစကား ငါးမျိုးဖြင့် ဘာသာပြန်ဆောင်ရွက်ထားသည့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ကျိုင်းတုံ ဒီဇင်ဘာ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးမောင် (ရှမ်းအရှေ့တာဝန်ခံ)သည် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက မဲရုံများတွင် အသုံးပြုမည့် MEVM မဲပေးစက်များကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် မဲရုံမှူး၊ ဒုတိယ မဲရုံမှူးများထံ ကျိုင်းတုံပညာရေးဒီဂရီ ကောလိပ်၌ စနစ်တကျ လွှဲပြောင်းထုတ်ပေးနေမှုကို ဒီဇင်ဘာ ၂၅ ရက်က ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ မဲရုံများတွင် အသုံးပြုမည့် မဲရုံသုံး ပစ္စည်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စု မဲရုံများအလိုက် စနစ်တကျထုတ်ပေးနေမှုအ ခြေအနေများနှင့် မြို့ပေါ် ငါးရပ်ကွက်ရှိ မဲရုံများ တွင် ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေး နိုင်ရေးအတွက် မဲရုံတာဝန်ရှိသူများက ကြိုတင် ပြင်ဆင်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး ပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## လှိုင်ကော်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

လှိုင်ကော် ဒီဇင်ဘာ ၂၆

လှိုင်ကော်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်



ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ပါဝင်မဲပေးနိုင်ရေး အသိပညာပေးလက်ကမ်း စာစောင်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း များက ယနေ့နံနက်တွင် ဖြန့်ဝေသည်။

ထိုသို့ဖြန့်ဝေရာတွင် ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းလမ်းမရှိပါ၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူရွေးချယ်ကြပါစို့ အကြောင်းအရာပါ "ဒို့အတူတူမဲပေးကြ မယ်" လက်ကမ်းစာစောင်များကို လူစည်ကားရာ နေရာများဖြစ်သော ကြည်သာယာမီးပွိုင့်၊ တောင်ဈေးအရှေ့ဘက်မီးပွိုင့်၊ တောင်ဈေးအတွင်း၊ ဗဟိုဈေးနှင့် နောင်ယားကန်လမ်းထောင့်တို့၌ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ တတိယအကြိမ် မဲစာရင်းကြေညာထားမှုနှင့် မဲရုံများပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

မိုင်းဆတ် ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ တတိယအကြိမ် မဲစာရင်း ကြေညာထားရှိမှုနှင့် မဲရုံပြင်ဆင်ထားရှိမှုအခြေအနေတို့ကို ဒီဇင်ဘာ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများက မယ်ဆွမ်မြောက် ရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ ဆိုက်ခေါင်၊ ကောင်းမှုတန်၊ မယ်ပုလုံ၊ မဟုန်ကန်၊ မဟုန်လွယ်နှင့် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စုအတွင်း တတိယ အကြိမ် မဲစာရင်းကြေညာထားရှိမှု၊ မဲရုံပြင်ဆင်ထားရှိမှုနှင့် လုံခြုံရေး



ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နောင်ချိုမြို့နယ်၌ MEVM မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်ပေး



နောင်ချို ဒီဇင်ဘာ ၂၆

နောင်ချိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တွင် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက် အီလက်ထရောနစ် မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများကို ဒီဇင်ဘာ ၂၆ ရက်က စတင်၍ နောင်ချိုမြို့ မဏိရတနာခန်းမ၌ ထုတ်ပေးသည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ မဲရုံတာဝန်ခံများအား မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဟိုပင်မြို့ မြို့တော်ခန်းမ၌ ကြိုတင်ဆန္ဒမဲများစတင်ပေး

ဟိုပင် ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် ဟိုပင်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာ များသို့ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများနှင့် တာဝန်ရှိသူ များ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၂၆ ရက်က မြို့တော်ခန်းမ၌ ကြိုတင်ဆန္ဒမဲများ စတင်ပေးကြောင်း သိရသည်။

လင်းသွယ်ဦး(ပြန်/ဆက်)





## လင်းခေးမြို့နယ်၌ မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများထုတ်ပေး

လင်းခေး ဒီဇင်ဘာ ၂၆

လင်းခေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အတွက် မြို့နယ်အတွင်းရှိ မဲရုံများတွင် အသုံးပြုမည့် အီလက်ထရောနစ် မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများက ရပ်ကွက် နှင့် ကျေးရွာမဲရုံမှူးများထံ ထုတ်ပေးခြင်းနှင့် မဲရုံများ ကြိုတင်ပြင်ဆင် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ခရိုင်(ပြန်/ဆက်)

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၆

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထု အခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တော ဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၁ ဒသမ ၇၃၅၂ တန်၊ သစ်မာ ၁၆ ဒသမ ၂၃၅၂ တန်၊ အခြား ၄၃ ဒသမ ၉၀၁၆ တန် စုစုပေါင်း ၉၁ ဒသမ ၈၇၂၀ တန်၊ ယာဉ်/ ယန္တရား ငါးစီး နှင့် တရားခံ ၁၁ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရ သည်။

သတင်းစဉ်

## ပခုက္ကူမြို့၌ မဲရုံများ ဘေးကင်းလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်ခင်နှင့် အဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ် ရပ်ကွက်များအတွင်း မဲရုံဖွင့်လှစ်ရန် လျာထားသည့် နေရာများသို့ ကွင်းဆင်း၍ မဲရုံနှင့် ဘေးပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှု၊ မဲရုံများပြင်ဆင်ထားရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးတို့အတွက် ယမန်နေ့က ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကယ်ရီမောင်

### မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရ ပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင် နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကန့်ဘလူဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား ထောက်ပံ့လှူဒါန်း

ကန့်ဘလူ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်အောင်၊ ဥက္ကဋ္ဌ ဒေါ်သီသီစိုး၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များသည်ယမန်နေ့က ကန့်ဘလူ ဘိုးဘွားရိပ်သာရှိ အဘိုး သုံးဦး၊ အဘွား ခုနစ်ဦးအတွက် ငွေကျပ် ၃၀၀၀၀၀၊ အဘိုးအဘွား ၁၀ ဦး၏ တစ်ရက်တာ အာဟာရဖြစ် အစားအစာအတွက်ငွေကျပ် ၉၀၀၀၀၊ အဘိုး၊ အဘွား တစ်ဦးလျှင်(ကွေကာထုပ် တစ်တွဲ၊ မုန့် နှစ်ထုပ်စီတို့အတွက် တန်ဖိုးငွေကျပ် ၁၄၅၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၃၅၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**





## ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယအကြိမ်သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း၊ လူမှုကူညီရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် သက်ကြီး သတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်ရှိ ကြီးငါးကြီးဆုတောင်းပြည့်ဘုရား၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ကန်တော့ခံ သက်ကြီးသတင်းစာ ဆရာကြီးများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးမြတ်ခိုင်တို့က မုဒိတာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်း၊ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရင်က မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၆၅ သိန်းအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ပေးအပ်ရာ လူမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ကန်တော့ခံ သတင်းစာပညာရှင်ကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ပြီး ကန်တော့ခံသတင်းစာ ဆရာကြီး ၆၅ ဦးတို့အား ကန်တော့ငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း အတွင်းရေးမှူး ဦးတင်ဝင်း (တင်ဝင်းလေးကြည့်မြင်တိုင်)က ကျေးဇူးတင် စကားပြောကြားသည်။ သက်ကြီးသတင်းစာပညာရှင်ကြီးများကိုယ်စား နာယက ဦးသက်တင် (မောင်သာတင့်) က ဩဝါဒစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မြန်မာ့အလင်း**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်အတွင်းရှိ စက်ရုံ/ အလုပ်ရုံ လုပ်သားများအား အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စက်မှုဇုန်ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားပြီး အကြိုအခြေခံမီးသတ်ပညာသင်တန်းတွင် သင်တန်းထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသား သုံးဦးအား ဆုများ ချီးမြှင့်ပေးကာ သင်တန်းဆင်းအောင် လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ အကြိုအခြေခံ မီးသတ်ပညာသင်တန်းအမှတ်စဉ် (၁/၂၀၂၅) တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်အတွင်းရှိ စက်ရုံ/ အလုပ်ရုံ အသီးသီးမှ ဝန်ထမ်းများအား ရက်သတ္တပတ် နှစ်ပတ်ကြာ မီးငြိမ်းသတ်ရေးသင်ခန်းစာများဖြစ်သော မီးသတ်စက်ကြီး လေ့ကျင့်ခန်း၊ စက်ကလေး လေ့ကျင့်ခန်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်း၊ Foam အမြှုပ်ဆေးရည်အသုံးပြုနည်းများအပြင် မီးအတန်းအစားခွဲခြားနည်းများ၊ မီးငြိမ်းသတ်ရေးပစ္စည်းများကို အသုံးပြုသည့် နည်းစနစ်များ၊ မီးငြိမ်းသတ်ရေးနည်းစနစ်များကို စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



## တောင်ဥက္ကလာပမြို့နယ်၌ တတိယအကြိမ် မဲစာရင်းများ ထုတ်ပြန်ကြေညာပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တတိယအကြိမ် မဲဆန္ဒရှင် စာရင်းအသိပေး ထုတ်ပြန်ကြေညာခြင်းကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများရှိ



သတ်မှတ်နေရာများတွင် ထုတ်ပြန်ကြေညာပေးထားရာ ရပ်ကွက်နေပြည်သူများက လာရောက်ကြည့်ရှုသည်။

တတိယအကြိမ် ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ မဲစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ သိရှိနိုင်ရန် ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ထုတ်ပြန်ကြေညာထားရှိမည် ဖြစ်ကြောင်း သိရပြီး ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ နယ်မြေအလိုက် ထုတ်ပြန်ကြေညာပေးထားသော မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အမည် မဲစာရင်းတွင် ပါ၊ မပါ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းကပ်ထားရာနေရာများသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာမဲဆန္ဒရှင်များ၏ မဲစာရင်း လာရောက် ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ဒလမြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများအတွင်း တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို ယနေ့နံနက်ပိုင်းက ကျန်စစ်သားရပ်ကွက်၊ မော်စက်ရပ်ကွက်၊ အံ့ကြီးအရှေ့ရပ်ကွက်၊ အံ့ကြီးအနောက်ရပ်ကွက်နှင့် သမတကမ်းခြေရပ်ကွက်များတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဒလမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဒလမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ မဲရုံ စုစုပေါင်း ၈၈ ရုံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ချက်အရ ဆန္ဒမဲပေးမည့် လူဦးရေ စုစုပေါင်း ၉၅၆၇၆ ဦး ရှိကြောင်း သိရသည်။

**ခင်စန္ဒာမြင့်**
**(ပြန်/ဆက်)**

## ပေါင်းတည်၌ မဲဆန္ဒနယ်မြေ ပြင်ပရောက်ရှိနေကြသူများ၏ ကြိုတင်ဆန္ဒမဲများအား ဖွင့်ဖောက်ရေတွက်

ပေါင်းတည် ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မဲဆန္ဒနယ်မြေ ပြင်ပတွင်ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ယနေ့ညနေ ၄နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်ဖောက်ရေတွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသစ်လွင်နှင့် အဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီရုံးများမှ အသိသက်သေများ ရှေ့မှောက်တွင် ဖွင့်ဖောက်ရေတွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❑ *ကျောဖုံးမှ*

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၀၄ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံ ဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၅၄ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကို တွေ့မြင်ရစဉ်။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးစဉ်။



မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား မီးရှို့ဖျက်ဆီးစဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

*✻ ကျောဖုံးမှ*

မြင်းမူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၀၀၀၀၀) ကို လည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၂၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပဲခူးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၃၈ တန်၊ သစ်မာ ၁၅ ဒသမ ၈၄၈ တန်၊ အခြားသစ် ၃ ဒသမ ၀၅၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၇၉၃၁၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်နှင့် ၁၃ ရက်တို့တွင် အောင်မြေသာစံမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် တစ်တန်၊ အခြားသစ် ၃၁ ဒသမ ၉၄၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၁၃၅၀၀)၊ အဆိုပါသစ်များ တင်ဆောင်လာသည့် လိုင်စင်မဲ့သုံးဘီးဆိုင်ကယ်တစ်စီးနှင့် လိုင်စင်ရှိ Toyota Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၉ ရက်တို့တွင် ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ အမရပူရမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၆၃၅၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မြောက်ဥက္ကလာပမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မြန်အောင်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၈၀၈ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၈၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် မအူပင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂၈၆၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်၊ ၁၃ ရက်၊ ၁၅ ရက်၊ ၁၆ ရက်၊ ၁၈ ရက်၊ ၁၉ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၈၈၉၄၇၂ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသောငွေကြေး အကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသောငွေကြေး အကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မျှော့တောကျေးရွာနေ မ---၊(၁၉)နှစ်ကို ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂၁) မိုးကြိုးရွာမကြီးနေ မနှင်းနွယ်ဦးနှင့် မနှင်းနှင်းရွှေတို့က ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၂၁) လေးအိမ်စုကျေးရွာနေ မမာမာဝင်း (တရုတ်နိုင်ငံသို့ ရောက်ရှိနေသူ)နှင့် ချိတ်ဆက်ကာ လောက်ကိုင်မြို့ရှိ အကင်ဆိုင်တွင် အလုပ်လုပ်ရန် မမာမာဝင်း၏ခင်ပွန်း ကိုပြည့်ဖြိုးအောင်(လိပ်စာတူ)မှတစ်ဆင့် ပို့ဆောင်ခဲ့သည်။

ယင်းနောက် လောက်ကိုင်မြို့ရှိ အမည်မသိ ရခိုင်အမျိုးသမီး နေထိုင်သည့် အဆောင်သို့ ရောက်ရှိခဲ့ပြီး ၎င်းအား တရုတ်အမျိုးသားနှင့် လက်ထပ်ရမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် မယူလိုကြောင်း ငြင်းဆန်ခဲ့ရာ မူဆယ်မြို့ရှိ ကိုအေးကျော်ဌေး(ခ)ဖူးသီး ထံ ဆက်လက်ပို့ဆောင်ခဲ့ကြောင်း၊ ကိုအေးကျော်ဌေး (ခ)ဖူးသီးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိ တရုတ်အမျိုးသားတစ်ဦး ထံပို့ပေးမည်၊ တရုတ်ယောကျ်ားယူပါက ယွမ် ၁၀၀၀ ပေးမည်ဟု ပြောဆိုသဖြင့် တရုတ်ယောကျ်ား မယူလို၍ ထွက်ပြေးခဲ့ပြီး အမည်မသိတည်းခိုခန်း၌ တည်းခိုနေစဉ် သူငယ်ချင်းဖြစ်သူ၏ အကူအညီဖြင့် မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ပြင်ဦးလွင်မြို့မရဲစခန်း(ပ)၂၁၈/၂၀၁၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် ပြင်လွင်ဦးမြို့ခရိုင်တရားရုံးမှ မနှင်းနွယ်ဦး၊ မနှင်းနှင်းရွှေနှင့် ကိုပြည့်ဖြိုးအောင်တို့ သုံးဦးကို အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မမာမာဝင်းနှင့်ကိုအေးကျော်ဌေးတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့် အတည်ပြုကာ အမည်မသိ ရခိုင်အမျိုးသမီးမှာ နေရပ်လိပ်စာစုံစမ်းမရသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ မ---၊(၂၂)နှစ်ကို မူဆယ်-မန္တလေးခရီးသည်တင် ယာဉ်ပေါ်၌ ခင်မင်ခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သင်တောကျေးရွာနေ မစံပယ်ထူး(ခ)မီးမီးက တရုတ်နိုင်ငံတွင် အလုပ်လုပ်ပါက ငါးလလျှင် ငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လစဉ်ငွေကျပ် သိန်း ၅၀ ရရှိမည်ဟု ပြောဆိုစည်းရုံးကာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် လွယ်ဝေါကျေးရွာအုပ်စု ကန်မိန်းကျေးရွာနေ မအေးမတ်၊ မအေးညွှန့်(လိပ်စာတူ) နှင့် တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ် ယုံတိမြို့နယ် လုံရန်မြို့ ဟောရှင်းအုပ်စု လီရှင်းကျေးရွာနေ နိုင်ငံကူးလက်မှတ်အမှတ် EX 9981800 ကိုင်ဆောင်သူ တရုတ်နိုင်ငံသား ကျိုးဝေချန့်တို့နှင့် မန္တလေးမြို့ နေအိမ်တစ်ခု၌ တွေ့ဆုံပေးခဲ့သည်။

ထို့နောက် ၎င်းတို့ လေးဦးက ကြိုတင်ငွေများ ထုတ်ပေးခြင်း၊ တရုတ်ဇနီးမယားအဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ရန်အတွက် မြဝတီမြို့သို့ သွားရောက်၍ ပတ်စ်ပို့ပြုလုပ်စေခြင်း၊ တရုတ်ယောကျ်ား မယူပါက ယွမ် ၁၅၀၀၀ ပေးလျော်ရမည်ဟု ခြိမ်းခြောက်ပြောဆို ရိုက်နှက်ခြင်း၊ အမည်မသိ တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေခြင်းများ စိစစ်ပေါ်ပေါက်သဖြင့် အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း(ပ)၄၄/၂၀၁၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ မစံပယ်ထူး(ခ)မီးမီး၊ မအေးမတ်နှင့် မအေးညွှန့်တို့ သုံးဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန်နှင့် တရုတ်နိုင်ငံသား ကျိုးဝေချန့်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရပ်စောက်၌ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးသင်တန်းပြုလုပ်

**ရပ်စောက် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ပဲပုပ်စိုက်ပျိုးထုတ်လုပ်သည့် လုပ်ကွက်ငယ်တောင်သူများအား ပဲပုပ်စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်လျက်ရှိသည့် နည်းပညာများနှင့်ပတ်သက်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။



သင်တန်းသို့ ပဲပုပ်စိုက်တောင်သူ ၅၅ ဦးနှင့် စိုက်ပျိုးပညာပေးဝန်ထမ်း ၁၅ ဦး စုစုပေါင်း ၇၀ တက်ရောက်ခဲ့ပြီး သင်တန်း၏ ရည်ရွယ်ချက်မှာ ဒေသနှင့်လိုက်လျောညီထွေမှုရှိသော ပဲပုပ်မျိုးကွဲများကို အသုံးပြုစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ ပဲပုပ်ကို အသုံးပြု ထုတ်လုပ်လျက်ရှိသော ပဲပုပ်ဆီနှင့် မွေးမြူရေးအစာတို့တွင် ပဲပုပ်ကုန်ကြမ်း အလုံအလောက် ရရှိခြင်းနှင့် ပဲပုပ်တန်ဖိုးမြင့်ထုတ်လုပ်မှု ကွင်းဆက်များ ခိုင်မာအားကောင်းလာစေခြင်းတို့အတွက် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရန် ရည်ရွယ်၍ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဖြန့်ဖြူးပေးရန်တို့ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် "မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ခြင်း" စီမံကိန်းကို ၂၀၂၅-၂၀၂၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့ သင်တန်းပေးဆောင်ရွက်ခြင်းသည် အဆိုပါစီမံကိန်း၏ လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ်ရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များ ဖွင့်ဖောက်ရေတွက်

**မိုင်းယန်း ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်ရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၄ နာရီက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၌ ဖွင့်ဖောက်ရေတွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများမှ အသိသက်သေများ ရှေ့မှောက်တွင် ဖွင့်ဖောက်ရေတွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းထူး**

# ပေါင်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးနှစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ဒီဇင်ဘာ ၂၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီး နှစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။




ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီခွဲတွင် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၁၈၀ မိုင် ဘောလုံးကွင်းအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မုတ္တမနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မော်လမြိုင်မြို့ဘက်မှ ပေါင်မြို့ဘက်သို့ မိတ္ထီလာမြို့နယ် ဖလန်ကျင်းကျေးရွာနေ ဇော်မိုးအောင်(၃၅)နှစ် မောင်းနှင်လာသည့် BGO 7N-xxxx CHENGLONG ခြောက်ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ နေအိမ်ရှေ့တွင် ဘောလုံးပွဲကြည့်နေသည့် ကျခတ်ငူကျေးရွာနေ ဒေါ်စန်းဝင်း(၆၇)နှစ်နှင့် ဒေါ်ခင်မြတ်နွယ်(၅၈)နှစ်တို့အား ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သဖြင့် ၎င်းတို့ နှစ်ဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဇော်မိုးအောင်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဇော်မိုးအောင် အား မုတ္တမနယ်မြေရဲစခန်း ယာဉ်(ပ)၁၀/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# သထုံမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ဒီဇင်ဘာ ၂၅ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် သထုံမြို့နယ် ဂေါ့ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်း ရွှေသံလွင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပေါင်မြို့ဘက်မှ သထုံမြို့ဘက်သို့ သထုံမြို့နယ် သုဓမ္မဝတီမြို့သစ်နေ မြတ်ဟိန်းကျော် (၂၃)နှစ်မောင်းနှင်လာသည့် YGN-44 5J-xxxx HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့်အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မြတ်ဟိန်းကျော်အား သထုံမြို့မရဲစခန်း (ပ)၃၆၇/၂၀၂၅၊ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**အမှန်တကယ် ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ**

## ကွယ်လွန်သူလျှောက်ထားခံရသူ၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့်-၂၂၊ နည်းဥပဒေ- ၄)

စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၃

၁။ ဒေါက်တာဌေးဝင်း နှင့် ၁။ ဦးတင်မောင်စော(ကွယ်လွန်သူ
၂။ ဒေါ်ခင်မျိုးမြင့် ဒေါ်တင်တင်ဌေး ၏တရားဝင်ကိုယ်စားလှယ်)
၂။ ဦးကြည်စိုး

**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ (၁) ဦးတင်မောင်စော(ဘ)ဦးစောတင် (၅/ မရန(နိုင်) ၀၆၀၇၇၆) တိုက်အမှတ်(၁)၊ အခန်းအမှတ်(၁၀၉)၊ ပြည်သူ့အငှားအိမ်ရာ၊ မြို့သစ်ရပ်ကွက်၊ မုံရွာမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်-

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် လျှောက်ထားသူ ဒေါက်တာ ဌေးဝင်းပါ-၂ဦး က ဤရုံး၌ လျှောက်ထားခံရသူ ဒေါ်တင်တင်ဌေး ( ၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးဝင်းမြင့်နိုင် ) ပါ -၂ ဦး အပေါ် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သော ကွယ်လွန်သူ အမှတ်(၁)လျှောက်ထားခံရသူ ဒေါ်တင်တင်ဌေး၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း ၎င်းကွယ်လွန်သူ၏အစား သင့်ကို (၁)လျှောက်ထားခံရသူအဖြစ်ထည့်သွင်းပါမည့်အကြောင်း လျှောက်ထားသူက လျှောက်ထားသောကြောင့် ၎င်းအမှုကို ထုချေရန် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၁၄ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီ လာရောက်ရမည်။ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက် ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မျိုးသင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)

ချမ်းမြသာစည်မြို့နယ်တရားရုံး

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၀၆

ဦးမိုးသီရိနောင် နှင့် ဦးမိုးဟိန်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (မမ-၁၁)၊ ၅၂ လမ်း နှင့် ၅၃ လမ်းကြား၊ ၁၁၅ လမ်း နှင့် ၁၁၄ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက် နေ ဦးမိုးဟိန်း (ဘ) ဦးသိန်းခ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးမိုးသီရိနောင် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (A) ၊ ဦးပိုင်အမှတ် (၃၉)၊ ဧရိယာ (၀ ဒသမ ၀၆၂) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၅ ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိ စေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသင်းလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု (RA)- (RA-1)၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ် (၁၆၂၃) + (၁၆၂၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)စီရှိ ဦးစန်းလွင် (၁၂/တတန (နိုင်) ၁၁၀၉၈၈) အမည်ပေါက် ပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးစန်းလွင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
LL.B,
အထက်တန်းရှေ့နေ(စဥ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၆)၊ ပုဏ္ဏမိလမ်း၊ မြေကွက်အမှတ် (၃၃၃)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ယင်းမာဦး (၁၂/ဥကတ (နိုင်) ၀၄၇၇၉၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူအမည်ပေါက်ပိုင်ရှင် ဒေါ်ယင်းမာဦး ထံမှ ကျွန်တော် ဦးမျိုးစန်း (၉/တသန (နိုင်) ၁၄၂၆၅၃)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးစန်း (၉/တသန (နိုင်) ၁၄၂၆၅၃)
၀၉-၇၇၈၁၆၄၆၇၁

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ချမ်းမြသာစည်မြို့နယ်တရားရုံး

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၀၇

ဦးထူးအောင်ကျော် နှင့် ဦးမိုးဟိန်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (မမ-၁၁)၊ ၅၂ လမ်း နှင့် ၅၃ လမ်းကြား၊ ၁၁၅ လမ်း နှင့် ၁၁၄ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ ဦးမိုးဟိန်း (ဘ) ဦးသိန်းခ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးထူးအောင်ကျော်က မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (A) ၊ ဦးပိုင်အမှတ် (၄၀)၊ ဧရိယာ (၀ ဒသမ ၀၆၂) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်(၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသင်းလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ချမ်းမြသာစည်မြို့နယ်တရားရုံး

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၁၆

၁။ ဒေါ်မြအေး နှင့် ဦးထွန်းမြတ်
၂။ ဒေါ်ကေဇင်နိုင်

**တရားလိုများ** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဇ-၁)၊ ဦးပိုင်အမှတ်(၅၁)၊ ၆၂ လမ်း၊ ၁၁၀ လမ်းနှင့် ၁၁၁ လမ်းကြား၊ မြို့သစ်(၄) ရပ်ကွက်နေ ဦးထွန်းမြတ် (ဘ) ဦးကြီးညို (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မြအေးနှင့် ဒေါ်ကေဇင်နိုင်တို့က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၁)၊ ဦးပိုင်အမှတ် (၂၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသင်းလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံ/နောက်၊ အကွက်(၄၀၅-A)၊ အုတ်ကျင်းရပ်တွင် တည်ရှိသော မြေဧရိယာ အရှေ့နောက် (၂၀)ပေ၊ တောင်မြောက် (၃၁)ပေ အကျယ်အဝန်းရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်ခွဲ တိုက်အဆောက်အအုံ၊ ရေ၊ မီးအစုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အဆိုပြုရောင်းချသူဖြစ်သော ဦးကျော်စိုးဝင်း(ဘ)ဦးဘလွင် ၅/ရဥန(နိုင်)၀၀၇၃၅၇ မှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အောင်ကြည်အား အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများဖြစ်သော စရန်ငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါဝိုင်းမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးဇော်မင်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၆၄၅)**
**အကွက်(၃၈၄)၊ အရာတော်ရပ်၊ သံ /နောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၈၉၆၀၃၈၁၇၂ ၀၉-၉၄၂၆၀၂၁၄၀**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးဖုန်းမား၏သမီး ကျွန်မ နန်းရှဲန် ၁၃/တခလ(နိုင်)၀၇၁၉၅၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-909261)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၄၁၁၉၄၇

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအိုက်တဲန်၏သမီး ကျွန်မ အီအင်ကျောက် ၁၃/မယတ(နိုင်) ၀၃၄၁၁၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH-300580) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါ က အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၂၄၁၁၉၄၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံ အဝေးသင်တက္ကသိုလ်၊ ဒသနိကဗေဒ (စတုတ္ထနှစ်)၊ ခုံအမှတ်၊ စဒ-၁၀၅ (၀၂၃)၂၀၂၅ ဖြင့် ဖြေဆို အောင်မြင်ထားသော စိုင်းဆိုင်လင်းခမ်း (ခ) စိုင်းဆိုင်လျှန်းခမ်း ၁၃/မတန(နိုင်)၀၂၅၉၈၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက် အမှတ်(၅၁၃/၃)၊ ဦးပိုင်အမှတ် (၄၀၇)၊ ၂၈x၂၉လမ်းကြား၊ ၅၄x၅၅လမ်းကြားရှိ ဦးသန်းနွဲ့၊ ဒေါ်ခင်ပြုံးအမည်ပေါက် ဂရန်မြေကွက်အား ဇနီးဒေါ်ခင်ပြုံး ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်းဦးသန်းနွဲ့ ၉/မနမ(နိုင်)၀၈၁၉၃၇ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/8344 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၉-ခ)၊ ကျောက်ပန်းတောင်းတောင်ကွင်း၊ မြေကွက်အမှတ်( ၁၂၇/၇၄၃ )၊ မြေဧရိယာ ၀ ဒသမ ၀၄၇ ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးနေသွေးသီဟ ၉/ကပတ(နိုင်)၀၀၀၁၆၂ မှ မှတ်ပုံတင်မိတ္တူအိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူ မရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက် အမှတ်(၁၉၉)၊ ဦးပိုင်အမှတ် ၈-ဆခွဲကျန်၊ ၂၅x၂၆လမ်းကြား၊ ၈၉x၉၀လမ်းကြားရှိ ဦးဟာစံ၊ ဒေါ်တီအမည်ပေါက် ဘိုးဘမြေကွက်အားဖခင် ဦးဟာစံ၊ မိခင်ဒေါ်တီ သား ဦးမောင်တိုး တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီး၊ချွေးမများဖြစ်ကြသော ဒေါ်စိုး ၉/မနတ(နိုင်)၀၇၂၂၄၀၊ ဦးမြင့်(ခ)မောင်မြင့် ၉/မနတ(နိုင်)၀၇၂၁၁၇၊ ဦးကိုဇော် ၉/မနတ(နိုင်)၀၆၆၆၄၅၊ ဦးကျော်ကျော် ၉/မနတ(နိုင်)၀၀၈၄၃၀၊ ဒေါ်ဝင်းမာ ၉/မနတ (နိုင်)၀၀၁၄၇၆၊ ဒေါ်မိမိခိုင် ၉/မနတ(နိုင်)၀၀၄၀၄၁၊ ဒေါ်တီ ၉/မနတ(နိုင်)၀၁၅၇၂၉ တို့ အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 25W/56789 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် W/71090 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/16524 Honda Scoopy 110 ယာဉ် လက်ဝယ်ရှိသူ ဒေါ်စီကွဲပြင်(ခ) ဒေါ်အေးအေးအောင် ၁၃/ကခန(နိုင်) ၁၀၉၅၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/89755 Yamaha Mio Al 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသျှင်မင်းဖုန်း ၉/ခအဇ(နိုင်)၀၅၆၉၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂၉)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည်တပ်ကြပ်သိန်းဝင်း အမည်ပေါက်သော ဂရန်မြေကွက် ဖြစ်ပါသည်။ တပ်ကြပ်သိန်းဝင်း ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်ခိုင်နှင့် ဒေါ်နန်းဆုမွန်တို့က အရောင်းအဝယ်အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါအရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုမည်ဆိုပါက အချိန်မရွေးလိုက်လံချုပ်ဆိုပေးမည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း ကြားသိခဲ့ရပါသည်။ ထို့ကြောင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အား လက်မှတ် ရေးထိုးပေးရန် ဤကြေညာပါသည့် ရက် မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ပါရန် အကြောင်းကြား အပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီဆောင်ရွက်တော့မည်ဖြစ်ကြောင်း တပ်ကြပ် သိန်းဝင်းနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၃၃၇၅)**
**ဖုန်း-၀၉-၄၀၂၅၉၆၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဒေါင်းရွေးရပ်ကွက်၊ အကွက်အမှတ် (၅၆၈)၊ ဦးပိုင်အမှတ် ၃/၁၊ ၃/၃၊ ၆၁ လမ်းအရှေ့ဘက်၊ တမုတ်ဆိုးမြောင်းတောင်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း ၁၃/လရန (နိုင်)၁၀၀၉၂၄က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင် (ကမ-၃)စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/02160 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှခိုင် ၉/တသန(နိုင်)၁၆၅၆၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများသည် ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ဦးတင့်လှိုင်(ရေနံချောင်း)
### ကျောင်းအုပ်ကြီး(အထက-၁၀၊ တာမွေ-ငြိမ်း)
### အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ ၂၅ ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ တိုက် N4၊ အခန်း (၅)နေ (ဦးဘသင်-ဒေါ်ရွှေတင်) တို့၏သား၊ (ဒေါ်ထားထား) ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးခင်မောင်လတ်-ဒေါ်နိုင်နိုင်ဦး၊ ဦးအောင်မိုး-ဒေါ်မြင့်မြင့်သိန်း(USA)၊ ဦးကြည်တိုး (JAPAN) တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁၂-၂၀၂၅ ရက် မွန်းလွဲ ၂:၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၅ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၂၅ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဦးကံကြီး(ဘိုကလေးမြို့)
### အသက်(၈၁)နှစ်

သူငယ်ချင်း ဦးအောင်ဇော်မိုး - ဒေါ်လှလှသီ တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးကံကြီး အသက်(၈၁)နှစ်သည် ၂၆-၁၂-၂၀၂၅ ရက် နံနက် ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၂)မှ သူငယ်ချင်းများ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေရိယာ(၀.၁၁၃)ဧကရှိ မြေကွက်အမှတ်(ပ-၂၁၀၈၄)ကို အမည်ပေါက် ဒေါ်ခင်မြဝင်း (ဘ) ဦးအောင်လှ ၅/ဝသန(နိုင်)၀၀၄၉၃၇မှ ဒေါ်မိုးနွေဦး (ဘ) ဦးကျော့စိုး ၁၂/ကမရ(နိုင်)၀၅၈၂၃၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီးလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ပေါင်းလောင်း(၁၉)လမ်း၊ မြေကွက်အမှတ်(၆၆၁)၊ အကျယ်အဝန်း အလျားပေ(၆၀) x အနံပေ(၄၀)ရှိသော ဒေါ်စန္ဒာ အမည်ပေါက် နှစ် (၃၀) မြေငှားဂရန်မိတ္တူမှန်၊ မြေကွက်အလွတ်နှင့် ယင်းမြေကွက်ပေါ်တွင်တည်ရှိသောအကျိုးခံစားခွင့် အရပ်အရပ်အား စာချုပ်များဖြင့်ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်နန်းစောဥမ္မာဝင်း (ဘ) ဦးဝင်းကြည် (၁၃/ကလန(နိုင်)၀၅၂၄၇၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သန္တာလင်း (ဘ)ဦးဘုငယ် (၉/သစန(နိုင်)၁၂၈၂၁၅)မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုလဲ့ညို (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၈၀/၁-၂-၂၀၁၈)**
**အမှတ်(၄/၄၉၉-ခ)၊ သဲကျွန်းရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၇၉၇၈၅၃၃၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၈၊ မြေကွက်အမှတ်- ၃၁၇၊ ဧရိယာ(၀.၀၅၅)ဧက (အလျား ပေ ၄၀ X အနံ ပေ ၆၀) အကျယ်အဝန်းရှိ ဦးကျော်ဇော အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် အပါအဝင် အမှတ်(၃၁၇)၊ ဦးဖိုးလှိုင်(၁)လမ်း၊ (၁၀၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဇော(၉/မနမ(နိုင်)၀၉၄၂၆၅) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL.B)** |
| **LL. B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကိုကိုနိုင်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်အောင်-ဒေါ်စိန်စိန်မြင့်)တို့၏သားကြီး၊ ဒေါ်မေဝင်းသူ၏ ခင်ပွန်း၊ မနွေးကိုကို၊ မသဥ္ဇာကိုကို၊ မရတနာကိုကို တို့၏ဖခင်၊ မြေး (၆) ယောက် တို့၏ အဘိုးဖြစ်သူ ဦးကိုကိုနိုင် သည် ၂၆-၁၂-၂၀၂၅ ရက် (သောကြာနေ့) မွန်းလွဲ (၁:၃၀) နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၅ ရက် (တနင်္ဂနွေနေ့)ညနေ (၃:၃၀) နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ (၂:၃၀) နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၆ ရက်တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်မြင့်စိမ်း
### (ဗိုလ်ကြီး - ငြိမ်း)စစ်သူနာပြုအပါတ်စဉ်(၃)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ အမှတ်(၁၀၃၂)၊ ဗိုလ်ဖိုးစောလမ်း၊ (၂၈) ရပ်ကွက်နေ (ဦးတင်မောင်-ဒေါ်မမကြီး) တို့၏သမီး၊ (ဦးဘမုန်း-ဒေါ်သန့်) တို့၏ ချွေးမ၊ (ဗိုလ်မှူး ဖုန်းမောင်(ငြိမ်း) - မြန်မာ့လေကြောင်း) ၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ဖုန်းအောင်-ဒေါ်ခိုင်ခိုင်စိမ်း၊ ဦးထွန်းဖုန်းအောင်-ဒေါ်တင်တင်ဦး၊ ဦးဉာဏ်ဖုန်းအောင်-ဒေါ်သော်သော်သီရိဝေ၊ ဒေါ်အိဖုန်းအောင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ကောင်းရဲရင့်ဖုန်း၊ မောင်ကောင်းရဲဝင့်ဖုန်း၊ မောင်အောင်မြတ်မင်း တို့၏ ချစ်လှစွာသောအဘွားသည် ၂၅- ၁၂- ၂၀၂၅ရက်(ကြာသပတေးနေ့) ည(၁၀:၅၀) နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၇-၁၂-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ(၁၄:၃၀)နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်- ၁၀၀၀ ငြိမ်းအေးဇရပ်၌ အသုဘရှုတရားတော်နာယူပြီး (၁၅:၀၀)နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁- ၁၂-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် (၁၀)နာရီအချိန်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နေ ဒေါ်ရီရီ ၉/ပမန(နိုင်)၀၁၇၁၂၆ အမည်ပေါက် ပိုင်ဆိုင်ခဲ့သော ပျဉ်းမနားမြို့နယ်၊ လူနေရပ်ကွက်အမှတ်-ရန်အောင်(၁) ရပ်ကွက်၊ ရပ်ကွက်အမှတ်-၁၇၊ ဦးပိုင်အမှတ်-၁၁၉ ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၁၃၅ ဧကရှိ ဘိုးဘပိုင်မြေကို ဒေါ်ရီရီ၏ အမွေစားအမွေခံများဖြစ်သော ဒေါ်ညိုညိုသန်း ၈/ခမန(နိုင်)၀၀၇၅၇၉ နှင့် ဦးမောင်မောင်လှိုင် ၁၂/ဥကတ(နိုင်)၁၀၂၂၂၅ တို့က ရောင်းချသည့်အတွက် ရောင်းကြေးပထမအရစ်ငွေများကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါအိမ်နှင့်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကန့်ကွက်လိုသူသည် ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ၂၄-၁၂-၂၀၂၅ ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိလျှင် သတ်မှတ်ရက်ပြည့်သည့်အခါ ဤအရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှဟန်(စဉ်-၃၅၀၈/၈၅)** | **ဒေါ်ဝေဝေနှင်း(စဉ်-၁၄၈၁၁/၁၈)** |
| **အမှတ်(၁၄/၈၅)** | **ဒေါ်မေနွယ်မွန်(စဉ်-၁၅၁၄၄/၁၈)** |
| **စိုက်ပျိုးသိပ္ပံကျောင်းလမ်း** | **ဒေါ်နေခြည်နွေးနွေးဟန်(စဉ်-၁၆၇၈၅/၂၀)** |
| **မစိုးရိမ်ရပ်၊ ပျဉ်းမနားမြို့၊** | **ဦးစိုးမင်းဦး(စဉ်-၁၉၇၆၈/၂၅)** |
| **ဦးဇော်ဝင်း(စဉ်-၁၁၅၆၂/၁၆)** | |
| **ဒေါ်ရှုပါထွန်း(စဉ်-၁၄၈၀၅/၁၈)** | |

**ဒေါ်ဆက်ဆက်မြင့်(စဉ်-၁၉၇၆၉/၂၅)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်သဉ္ဇာသော်(စဉ်-၅၅၈၃၄/၂၃)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉ ၄၂၈ ၁၂၅ ၉၅၉**

### လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့်
### ဦးခင်မောင်မြင့်(ခ) နူရွှဒ္ဒီးန် (ဘ)ဦးခင်မောင်ကြီး(၁၂/ဒလန(နိုင်)၀၉၉၇၈၆)
### ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၃-လမ်း၊ အမှတ် (၄၅/၄၇) နေ (ဘ)ဦးစိုးမြင့်၏သမီး ဒေါ်ဖြိုးသဉ္ဇာအောင်(ခ)အာအေရှာဟ် (၁၂/ပဇတ(နိုင်)၀၃၆၈၂၈) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးသဉ္ဇာအောင်(ခ)အာအေရှာဟ်နှင့် လူကြီးမင်း ဦးခင်မောင်မြင့်(ခ) နူရွှဒ္ဒီးန်တို့သည် (၂၉-၁၀-၂၀၁၇)ရက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ "နိကာဟ်"ပြုလက်ထပ်ထိမ်းမြားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေနှင့်လူကြီးမင်းတို့သည် (၂၅-၁၀-၂၀၂၅)ရက်နေ့စွဲဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ် ဓမ္မသတ်မှူးများ ၏ဆုံးဖြတ်ချက်အရ လင်မယားအဖြစ်မှ အပြီးအပြတ်ကွာရှင်းပြီးစီးပြီး လင်ခန်းမယားခန်း၊ ပစ္စည်းခန်းများပါ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း လူကြီးမင်းလည်း သိရှိပြီးဖြစ်ပါသည်။ လူကြီးမင်းမှ ဒေါ်ဖြိုးသဉ္ဇာအောင် (ခ)အာအေရှာဟ်နှင့် ၎င်း၏မိဘဆွေမျိုးအသိုင်းအဝိုင်းများ၊ ပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းစေမည့် ကိစ္စရပ်များကို Face book, You Tube, TikTok စသည့် လူမှုကွန်ရက်ပေါ်တွင် သွယ်ဝိုက်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား ပြုလုပ်နှောင့်ယှက်မှုများ ဆောင်ရွက်ပါက တရားမကြောင်း၊ ရာဇဝတ်ကြောင်း၊ ဆက်သွယ်ရေးဥပဒေကြောင်း များအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးခင်မောင်မြင့်(ခ) နူရွှဒ္ဒီးန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဖြိုးသဉ္ဇာအောင်(ခ)အာအေရှာဟ်** | **ဒေါ်ချိုချိုလင်း** |
| | **LL.B, H.G.P. D.B.L.** |
| | **D.I.L. D.M.L** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၁၁)** |
| | **အမှတ်(၁၆)၊ ပန်းတိမ်တန်းလမ်း၊** |
| | **မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့၊** |
| | **ဖုန်း-၀၉-၄၅၀၀၃၆၂၄၀၊၀၉-၄၄၃၂၁၁၅၉၁၊** |
| | **၀၉-၇၈၆၂၃၂၂၉** |

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည် (ကျောက်ပန်းတောင်း)
### အိရွှေစင်+ရွှေသဇင် ရတနာရွှေဆိုင်
### အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ် (၁၆၂) A-1 နေ (ဦးတင်ဆောင်)၏ဇနီး၊ ဦးခင်ဋ္ဌေးမောင်၊ ဒေါ်အေးအေးခိုင်၊ ဦးဋ္ဌေးအောင်၊ ဒေါ်တင်မျိုးခိုင်၊ ဦးအောင်မျိုး၊ ဒေါ်တင်လဲ့ခိုင်၊ ဒေါ်ခင်မျိုးသန့်၊ ဦးကျော်စွာထွန်းတို့၏ ချစ်လှစွာသောမွေးသမိခင် (ဒေါ်တင်ကြည်)သည် ၂၆-၁၂-၂၀၂၅ရက်(သောကြာနေ့) နံနက်(၃:၃၀)နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ၂၈-၁၂-၂၀၂၅ရက်(တနင်္ဂနွေနေ့) နံနက်(၁၀း၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။

(နေအိမ်မှ ကားများကို နံနက် ၉နာရီတွင် စတင်ထွက်ခွာပါမည်။ )

ကွယ်လွန်သူအားရည်စူး၍ ၁-၁-၂၀၂၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ဘုရားအမှူးပြု၍ ပင့်သံဃာတော်များအား ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ရေကန် ဒါယကာကြီး
## ဦးမြင့်စိုး (ခ) Victor Soe Thwin
### ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) နိုင်ငံခြားရေးဝန်ကြီးဌာန (MOFA)
### (Former) Visiting Senior Research Fellow at ISEAS
### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃/က)၊ သီရိဗေယျာလမ်း၊ ပြည်သာယာ - ဘောက်ထော်၊ (၁၆) ရပ်ကွက်နေ၊ (ဦးစိုးသွင်-ဒေါ်စိန်စိန်)တို့၏သားကြီး၊ (ဦးဘဂျမ်း-ဒေါ်ခင်မမ)တို့၏ သားသမက်၊ (ဒေါ်ဖြူဖြူဂျမ်း(ခ)Doris Gyan) ၏ခင်ပွန်း၊ ဒေါ်တင်တင်အေး၊ ဦးမောင်မောင်ဂျမ်း-ဒေါ်ခင်မျိုးမြင့်သန်း၊ ဒေါ်ခင်ခင်ဂျမ်းတို့၏မောင်၊ ဦးလေးတင့် - (ဒေါ်မြမြစိုး)၊ ဦးအေးသွင်-(ဒေါ်မြင့်မြင့်အေး)၊ ဒေါ်သန်းသန်းစိုး၊ ဦးဝင်းဋ္ဌေး - ဒေါ်လီလီစိုး၊ (ဒေါ်နုနုဂျမ်း)၊ (ဦးကိုကိုဂျမ်း)-ဒေါ်ပြုံးနုငယ် တို့၏ ချစ်လှစွာသော အကိုကြီး၊ ဦးစိုးမိုးထွန်း - ဒေါ်ရည်မွန်စိုး (Singapore)၊ ဦးပိုင်စိုး၊ ဦးကောင်းမြတ်စိုး - ဒေါ်မြချောစုအေး တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မဇင်စံပါယ်မိုး၊ မအင်ကြင်းမွန်၊ မဇီဇဝါမိုး၊ မနှင်းဆီမွန်၊ မောင်သီအိုဒိုကျော်စိုးမြတ်တို့၏ ကျေးဇူးရှင် ဘိုးဘိုးကြီး ဦးမြင့်စိုး (ခ) Victor Soe Thwin (အငြိမ်းစား ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန) သည် ၂၅-၁၂-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် (၁၁) နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၂၅ရက် (စနေနေ့)၊ မွန်းလွဲ (၁:၃၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သီရိဗေယျာလမ်း နေအိမ်မှ ကားများ နံနက် (၁၁:၀၀) နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၃၁-၁၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် (၉:၀၀) နာရီမှ (၁၂:၀၀) နာရီအထိ သီရိဗေယျာလမ်း နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးဝေလင်းသာ(ခ)ဘိုဘို
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်း(ကန်လမ်း)၊ ဦးကွန်းဇော်ရိပ်မွန်ကွန်ဒို၊ အမှတ်(၈၇-က)၊ အခန်း(3-A) နေ (ဦးဘိုးသာ)-ဒေါ်စိန်လှ တို့၏စတုတ္ထသား၊ ဒေါ်ကြည်ကြည်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ခန့်သာ - ဒေါ်ဇင်ဇင်မျိုးဝေတို့၏ဖခင်၊ မောင်ဘုန်းပြည့်စုံသာ၏ဘိုးဘိုး၊ ဦးခိုင်စိုးသာ-ဒေါ်စုစုရီ တို့၏ညီ၊ ဒေါ်စုဝင်းသာ၊ ဒေါ်ယုနှင်းသာ တို့၏မောင်၊ ဦးချစ်ဇော်ဦး-ဒေါ်ငြိမ်းယုသာတို့၏အစ်ကိုသည် ၂၅-၁၂-၂၀၂၅ ရက်(ကြာသပတေးနေ့) နံနက် (၁:၃၀)နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌(၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် (၂၇-၁၂-၂၀၂၅)ရက် (စနေနေ့) မွန်းလွဲ(၂:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ (၁၂:၃၀)နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၂-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၇:၀၀) နာရီမှ (၁၁:၀၀) နာရီအထိ တရားတော်နာရေစက်သွန်းချအမျှအတန်းပေးဝေလိုပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးကွန်းဇော်ရိပ်သာလမ်း(ကန်လမ်း)၊ ဦးကွန်းဇော်ရိပ်မွန်ကွန်ဒို၊ အမှတ်(၈၇-က)သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ တပင်ရွှေထီးရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၆၉၃/က)၊ အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ ဦးအောင်ကျော်ဦး (MLGN-၀၀၁၉၂၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အားရှန် (၁၃/နခန (နိုင်) ၀၄၁၉၅၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)** |

**၀၉ ၅၅၀၆၁၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃**

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ( ၁၅ )ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်(၁၉၇/က)၊(၆)ထပ်တိုက်၏ မြေညီထပ်၊အကျယ်အဝန်း(၁၈ပေ× ၅၄ပေ)ရှိ မြေညီတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မေသန္တာဦး (၁၂/အစန(နိုင်)၀၀၀၁၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းလှိုင် (၁၂/သဃက(နိုင်)၁၀၅၆၄၂ )က တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းအား ယခုအခါကျွန်ုပ်၏မိတ်ဆွေမှ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး လက်ရှိပိုင်ရှင်ဖြစ်ပါကြောင်းနှင့် အခြားသူများနှင့်သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထိန်လင်းသန်း** | **ဒေါ်ပြည့်ပြည့်ဖြိုး** |
| **LL.B, D.B.L, D.I.L, D.M.L,** | **LL.B, D.B.L, D.I.P.L,** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)** |

**ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉**

❖ **တစ်လုပ်စားဖူး သူ့ကျေးဇူး ဆိုသည့်စကားနှင့်အညီ ဒီမြေမှာမွေး၊ ဒီမြေမှာကြီးပြင်းကြသူများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည့် တာဝန်ဝတ္တရားရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၁ ရက်နေ့တွင် ပြုလုပ်သော အခြေခံနှင့် တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် အခြေခံနှင့်တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၀၄ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံအား တွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ ❏

## ထူးခြားသည့် ညအပူချိန်များ

(၂၆-၁၂-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါးမြို့ | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့(ရှမ်း/တောင်) | ၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်းမြို့ | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်သစ်တင်ယာဉ် ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံ တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၊ ဟုမ္မလင်းမြို့နယ်နှင့်

စာမျက်နှာ ၂၄ ကော်လံ ၁ ✻



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**ယနေ့ သတင်းအညွှန်း**

**လွှတ်တင်မှုမအောင်မြင်ခဲ့သော အိတ်ချ် ၃ ဒုံးပျံ လေးနာရီအတွင်း ကမ္ဘာ့လေထုအတွင်းပြန်လည်ဝင်ရောက်မည်**

နိုင်ငံတကာသတင်း စာ ၁၄

**အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် လက်ထပ်ပေါင်းသင်းစေကာ ရရှိသောငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူရန် ဆောင်ရွက်ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်**

စာ ၂၅

## တိုက်စစ်၊ ခံစစ်ပိုင်း ဆိုးရွားသည့် ဝုဖ်ကို လီဗာပူး အနိုင်ယူ ကျော်ဖြတ်သွားဖွယ်ရှိ

ပရီမီယာလိဂ်ပွဲစဉ် (၁၈) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်သည့် လီဗာပူးနှင့် ဝုဖ်အသင်းပွဲစဉ်ကို ဒီဇင်ဘာ ၂၇ ရက် ည ၉ နာရီခွဲတွင် အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

လီဗာပူးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲစုံ သုံးပွဲတွင် သုံးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး ခြေစွမ်းကောင်းပြသထားသည်။ ပြိုင်ဘက်ဝုဖ်အသင်းက ပရီမီယာလိဂ် ၁၇ ပွဲကစားပြီးသည်အထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခြင်း မရှိပေ။ ထို့အပြင် တိုက်စစ်က ရဂိုး ကိုးဂိုးနှင့် ခံစစ်က ပေးဂိုး ၃၇ ဂိုးအထိ ခွင့်ပြုပေးထားရသည့်အတွက် တိုက်စစ်၊ ခံစစ်အဆိုးရွားဆုံးအသင်း အဖြစ် ရပ်တည်နေသည်။

စာမျက်နှာ ၂၁ ကော်လံ ၃ ❖